ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၆ ရက်၊ သောကြာနေ့၊ (20-7-2007) (၅၃၈၄)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ဖားကန့်မြို့နယ် မိုးစပါးစုပေါင်းထွန်ယက်စိုက်ပျိုးပွဲ တက်ရောက်အားပေး ဒေသဆန်ပိုလျှံရေး မြေလွတ်မြေရိုင်းများ ဖော်ထုတ်စိုက်ပျိုးရန်မှာကြား

နေပြည်တော် ဇူလိုင် ၁၉

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ဖားကန့်တပ်နယ်မှ ဗိုလ်မှူးကြီးခင်မောင်ချို၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ဇူလိုင် ၁၆ ရက် နံနက်ပိုင်းတွင် ဖားကန့်မြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာကြရာ နံနက် ၆နာရီ ၁၅မိနစ်တွင် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာသို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာ၌ ကျင်းပသည့် ဖားကန့်မြို့နယ်၏ ခြံစည်းရိုးကြက်ဆူ စုပေါင်းစိုက်ပျိုးပွဲ အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများ တက်ရောက် စိုက်ပျိုးပေးသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဖားကန့်မြို့မှ ဌာနဆိုင်ရာများအား ခြံစည်းရိုးကြက်ဆူပင်များကို ဝေငှပေးအပ်သည်။ ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့က ဖားကန့်မြို့မှ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား ခြံစည်းရိုးကြက်ဆူပင်များ ဝေငှပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် ဝန်ကြီးတို့သည်

စာမျက်နှာ ၃ ကော်လံ ၁ သို့ *

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကာမိုင်းမြို့နယ် ပြည်သူ့ဆေးရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

“ပြည်သူတို့၏ဆန္ဒအရ ပြည်ထောင်စုစနစ်နဲ့ တည်ဆောက်ဖို့ မူချပြီးဖြစ်”

“တိုင်းရင်းသားလူမျိုးတစ်ရာကျော်ရှိတဲ့ မြန်မာနိုင်ငံဟာ သမိုင်းကြောင်းအရ ရေမြေသဘာဝ၊ လူမျိုးစရိုက် သဘာဝ၊ ရိုးရာယဉ်ကျေးမှုအစဉ်အလာအရ၊ ပြည်သူတို့၏ဆန္ဒအရ ပြည်ထောင်စုစနစ်နဲ့ တည်ဆောက်ဖို့ မူချပြီးဖြစ်။ ယနေ့ ပြည်ထောင်စုအချို့ ဖြိုခွဲခံရ၍ ပြိုကွဲနေသည်များကို သင်ခန်းစာထုတ်ယူ၊ နိုင်ငံကြီးအချို့က ကိုလိုနီပြုရေး ဦးတည်ချက်နဲ့ ပြည်ထောင်စုများအား လိုက်လံဖြိုခွဲနေသည်ကို သတိပြုဆင်ခြင်ကာ မြန်မာပြည်ထောင်စုကြီး ထာဝရ တည်တံ့စေမယ့် အခြေခံမူများကို အမျိုးသားညီလာခံကြီးက တညီတညွတ်တည်း ချမှတ်ထားပြီးဖြစ်”

တက္ကသိုလ်မြတ်သူ၏ **“အမျိုးသားညီလာခံအောင်ပွဲမှသည်–ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့...”**

(ဆောင်းပါး) စာမျက်နှာ–၈/၉

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၀-၇-၂၀၀၇
(သောကြာနေ့)

ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ပေါက်လာရေး တိုင်းချစ်ပြည်ချစ်စိတ်ဖြင့် သုံးသပ်ညှိနှိုင်းဆွေးနွေး

ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတစ်နိုင်ငံက ကျင့်သုံးနေသည့် နိုင်ငံရေးစနစ်၊ စီးပွားရေးစနစ်နှင့် လူမှုရေးစနစ်တို့ကို ထိန်းကျောင်းပေးနေသည့် ပင်မဥပဒေဖြစ်သည်။ ထို့အပြင် ခေတ်ဟောင်း၊ စနစ်ဟောင်းမှသည် ခေတ်သစ် စနစ်သစ်တစ်ခုသို့ ကူးပြောင်းရာတွင်လည်း အဓိက လိုအပ်ချက်မှာ ခေတ်သစ်စနစ်သစ်နှင့် ကိုက်ညီမည့် ဖွဲ့စည်းပုံ အခြေခံဥပဒေပင် ဖြစ်သည်။

ယနေ့ကာလတွင် နိုင်ငံတော်အစိုးရက အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကို ကြိုးပမ်းတည်ဆောက်လျက်ရှိရာ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရေးအတွက် အမျိုးသားညီလာခံကြီးကို ကျင်းပလျက်ရှိသည်။

၁၉၉၆ ခုနှစ်ကစ၍ ယာယီအားဖြင့် ဆိုင်းငံ့ထားလျက်ရှိသည့် အမျိုးသားညီလာခံကြီးကို ၂၀၀၄ ခုနှစ်၊ ၂၀၀၅ ခုနှစ်နှင့် ၂၀၀၆ ခုနှစ်များအတွင်း ပြန်လည်ကျင်းပခဲ့ရာ၌ ညီလာခံကိုယ်စားလှယ်များ၏ အတွေ့အကြုံ၊ ဗဟုသုတ၊ အတွေးအခေါ်များဖြင့် ပွင့်ပွင့်လင်းလင်း ဆွေးနွေးညှိနှိုင်းပြီး အခြေခံမူများနှင့် အသေးစိတ် အခြေခံရမည့်မူများကို တညီတညွတ်တည်း ချမှတ်နိုင်ခဲ့ပြီးဖြစ်သည်။

ယခုကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံကြီးတွင် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ အထိမ်းအမှတ်တံဆိပ် သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေ ပြဋ္ဌာန်းချက်များအခန်းတို့အတွက် အသေးစိတ်အခြေခံရမည့်မူများကို ညှိနှိုင်းတိုင်ပင် ချမှတ်နိုင်တော့မည် ဖြစ်သည်။

အမျိုးသားညီလာခံကြီးသို့ နိုင်ငံတစ်ဝန်းရှိ လူထုလူတန်းစား အလွှာအသီးသီးမှ ကိုယ်စားလှယ်တစ်ထောင်ကျော်တို့ တက်ရောက်နေကြသည်။ နောက်ဆုံးအကြိမ် ကျင်းပသည့် ညီလာခံဖြစ်သည်နှင့်အညီ ချမှတ်ခဲ့သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို ရှေ့နောက်ဆီလျော် ညီညွတ်မှုရှိစေရေး အလေးထားဆွေးနွေးလျက်ရှိသည်။ ညီလာခံ ကိုယ်စားလှယ်များအားလုံးက တိုင်းချစ်ပြည်ချစ်စိတ်၊ ပြည်ထောင်စုစိတ် အခြေခံဖြင့် ညှိနှိုင်းဆွေးနွေး ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် အမျိုးသားညီလာခံကြီး အောင်မြင်ပြီးမြောက်မှုနှင့်အတူ ခိုင်မာသော ဖွဲ့စည်းပုံ အခြေခံဥပဒေ တစ်ရပ် ပေါ်ပေါက်လာတော့မည် ဖြစ်ပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်းအနောက်ဘက်) တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ကွယ်လွန်သူ ဦးတင်အောင်အား ရည်စူး၍ ရန်ကုန်မြို့ အလုံမြို့နယ် မာဃလမ်းနေ ဇနီးဒေါ်ဝင်းကြည်နှင့် သား၊ သမီး၊ မြေးတစ်စုက အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှူးဆောင်ဆရာတော် (ကျောက်ဆည်) အရှင်ဝိမလ ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မိုးကုတ်ဝိပဿနာအခြေခံသင်တန်း

ရန်ကုန် ဇူလိုင် ၁၉

သာကေတမြို့နယ် အောင်စကြာ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ဘဒ္ဒန္တဝိမလဗုဒ္ဓိ ဆရာတော်ကြီး၏ ဩဝါဒကိုခံယူ၍ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မိုးကုတ်ဝိပဿနာ ပဋိစ္စသမုပ္ပါဒ် အခြေခံသင်တန်းကို ဆရာဦးသောင်းထိုက်က ဝါဆိုလပြည့်နေ့မှ သီတင်းကျွတ်လပြည့်နေ့အထိ ဥပုသ်နေ့တိုင်း မွန်းလွဲ ၁ နာရီမှ ၃ နာရီအထိ သာကေတမြို့နယ် ၇/အရှေ့ရပ်ကွက် ရှုခင်းသာမြို့ပတ်လမ်း မျိုးမြန်မာဆေးတိုက်တွင် ပို့ချမည်ဖြစ်ရာ တက်ရောက်လိုသူများ ဖုန်း-၅၄၇၀၉၄သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

ပြည်သူ့သဘောထား	★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။ ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။ ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။ ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့်ဇနီး သင်္ကန်းနှင့်လှူဖွယ်ဆက်ကပ်

နေပြည်တော် ဇူလိုင် ၁၉

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ ဒုတိယအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် နေပြည်တော် ရထားပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပျဉ်းမနားမြို့နယ် သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သံလမ်းကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဉာဏဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် အောင်မင်းနှင့်ဇနီး ဒေါက်တာဒေါ်ဝေဝေသာတို့ တက်ရောက်ကြည်ညိုကြကာ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီးများဖြစ်ကြသည့် သူရဦးသောင်းလွင်နှင့် ဦးဖေသန်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူး များနှင့် ဝန်ထမ်းများ တက်ရောက် ကြည်ညိုကြသည်။

ကိုးပါးသီလခံယူ

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ပျဉ်းမနားမြို့နယ် သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သံလမ်းကျောင်းတိုက် ပဓာနနာယက ဆရာတော်ဘဒ္ဒန္တဉာဏဝံသထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့်ဇနီး ဒေါက်တာ ဒေါ်ဝေဝေသာ၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် သူရဦးသောင်းလွင်နှင့် ဦးဖေသန်းတို့က ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မြို့နယ် သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သံလမ်းကျောင်းတိုက် ပဓာနနာယက ဆရာတော်ဘဒ္ဒန္တဉာဏဝံသထံမှ အနုမောဒနာတရားနာကြားကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ယင်းနောက်ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့်ဇနီး ဒေါက်တာဒေါ်ဝေဝေသာတို့က ဆရာတော် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ နိုင်ငံတောင်တန်းဒေသ ဗုဒ္ဓဘာသာ သာသနာပြုအဖွဲ့စတုပစ္စယ ငွေပဒေသာပင် အတွက် မန္တလေး တိုင်း ကျောက်ဆည်တောင်မြို့ ဘူတာရပ်ကွက်သုဒ္ဓဝိပဿနာကျောင်းတိုက်ဆရာတော်မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဩဘာသက အလှူငွေကျပ် တစ်သိန်း ကို အဏ္ဏဝါဓမ္မာရုံ ၁၄/ခ ကြားတော ရ လမ်း ဗဟန်းတွင် ပေးအပ်လှူဒါန်းရာ ဥက္ကဋ္ဌ အဂ္ဂမဟာ သီရိသုဓမ္မဇောတဓရ အဏ္ဏဝါ ဦးသန်းအောင် လက်ခံယူစဉ်။

(က-ပ)

နှင်းဆီကုန်းဘိုးဘွားရိပ်သာ ဝါဆိုသင်္ကန်းကပ်လှူ

ရန်ကုန် ဇူလိုင် ၁၉

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် နှင်းဆီကုန်းဘိုးဘွားရိပ်သာ၌ (၄၉)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၄ ရက် နံနက် ၉ နာရီခွဲက သီရိရတနာခန်းမဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မင်္ဂလာတောင်ညွန့်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အောင်မြေဗိမာန်စာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဓမ္မိဿရ (ဓမ္မာစရိယ)ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ပြီး အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာကြီးဦးသောင်းထွဋ်က ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအကြောင်း လျှောက်ထားပြီး ဆရာတော် သံဃာတော်များအား နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌနှင့် ဘိုးဘွားများ၊ အလှူရှင်များက ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)** (ဘိုးဘွားရိပ်သာ)

ဇူလိုင် ၁၆ ရက်က နေပြည်တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်း/တံတား)မှ ဒုတိယဌာနမှူး ဦးကျော်မြင့် ဦးစီး၍ ဝန်ထမ်းများ ပျဉ်းမနားမြို့ ဗိုလ်တောက်ထိန်လမ်းတစ်လျှောက် ကတ္တရာလမ်းသား တိုးချဲ့ခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြစဉ်။
(နေပြည်တော်စည်ပင်)

အောင်မြေဗိမာန်စာသင်တိုက် ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁၉

ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် ကျောင်းလမ်းရှိ အောင်မြေဗိမာန်စာသင်တိုက်တွင် ဝါဆို ဝါကပ်တော်မူကြမည့် သံဃာတော် အရှင်မြတ်အပါး ၁၀၀ တို့အား ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲနှင့် စာအောင်သံဃာတော်များအား ချီးကျူးပူဇော်ပွဲကို ဇူလိုင် ၂၈ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ ဒါယကာ၊ ဒါယိကာမများ ကြွရောက်ကြည်ညိုလှူဒါန်းကြရန် ဖိတ်ကြားနိုးဆော်ထားသည်။ (က-ပ)

*** ရှေ့ဖုံးမှ**

ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြပြီး ဒေသခံပြည်သူများ၏ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ဖားကန့်မြို့နယ်တွင် ခြံစည်းရိုးကြက်ဆူ ၂၀၀၆-၂၀၀၇ နှင့် ၂၀၀၇-၂၀၀၈ ခုနှစ်တို့တွင် ဧက ၂၃၀၀၀ စိုက်ပျိုးရန် သတ်မှတ်ထားရာ ၁၃၆၁၂ ဧက စိုက်ပျိုးခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဖားကန့်-မြစ်ကြီးနား ကားလမ်းဘေးဝဲ/ယာတစ်လျှောက် မိုးစပါး စိုက်ပျိုးထားရှိမှုကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေး၍ ထွက်ခွာခဲ့ကြရာ ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု လယ်ပြင်ကျေးရွာ၌ ကျင်းပသည့် မိုးစပါး စုပေါင်းထွန်ယက်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

အဆိုပါ မိုးစပါး စုပေါင်းထွန်ယက်စိုက်ပျိုးပွဲအခမ်းအနားသို့ ဖားကန့်မြို့နယ်နှင့် အနီးပတ်ဝန်းကျင် ကျေးရွာများဖြစ်ကြသည့် လုံးခင်း၊ နမ္မဖြစ်၊ လယ်ပြင်၊ မော်စီစာ၊ ကုဋ္ဌေ၊ ဆန်ခါနှင့် ဖဝါ အစရှိသည့် ကျေးရွာများမှ ဒေသခံ တိုင်းရင်းသားတောင်သူများကလည်း ကောက်စိုက်နည်းစနစ်များကို လာရောက်ကြည့်ရှုလေ့လာ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ ဖားကန့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလွှမ်းမိုးဟန်က ဖားကန့်မြို့နယ် လယ်ပြင်ကျေးရွာ၌ မိုးစပါး ၅၄၆ဧက ရှိသည့်အနက် ၁၂၉ ဧက စိုက်ပျိုးပြီးစီးခဲ့မှုအခြေအနေ၊ ကျွန်း ၃၁၇ ဧကအား ထယ်ထိုးခြင်းလုပ်ငန်းများ၊ ထွန်မွှေခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က မြို့နယ်အတွင်းရှိ မြေလွတ်မြေရိုင်းများကို ဒေသဆန်ပိုလျှံရေးအတွက် အကျိုးရှိရှိ ဖော်ထုတ်စိုက်ပျိုးကြရေး၊ စိုက်ပျိုးနည်းစနစ် မှန်ကန်စေရန် တောင်သူများအား ပညာပေး သင်ကြားပေးရေး၊ လယ်ယာလုပ်ငန်းခွင်သုံး စက်ယန္တရားများသုံးစွဲရေး၊ အထွက်ကောင်းမျိုးများ သုံးစွဲရေး၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများ အသုံးပြုရေး မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မြေပြုပြင်ထွန်ယက်နေမှုကို လည်းကောင်း၊ ကောက်စိုက်အဖွဲ့များ၏ ကောက်စိုက် ပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှု အားပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လယ်ပြင်ကျေးရွာမှ လူမှုရေးအသင်းအဖွဲ့ဝင်များအား အဝတ်အထည်များ ဂုဏ်ပြုပေးအပ်သည်။ ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ကချင်ပြည်နယ်တာဝန်ခံ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့က မိုးစပါး စုပေါင်းထွန်ယက်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်လာကြသည့် လယ်ပြင်ကျေးရွာမှ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ကောက်စိုက်ပြိုင်ပွဲဝင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား အဝတ်အထည်များ ဂုဏ်ပြုပေးအပ်ကြသည်။

ဖားကန့်မြို့နယ်တွင် ၂၀၀၆-၂၀၀၇ ခုနှစ်၌ မိုးစပါး ၁၉၃၈၇ဧက၊ နွေစပါး ၂၂၈ ဧက စိုက်ပျိုးခဲ့ပြီး ၂၀၀၇-၂၀၀၈ ခုနှစ်တွင် မိုးစပါး ၂၅၆၁၃ ဧက စိုက်ပျိုးရန် လျာထားခဲ့ပြီး ယနေ့ထိ ၂၀၇၉ ဧက စိုက်ပျိုးခဲ့ပြီး ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ဖားကန့်-မိုးကောင်း ကားလမ်းအတိုင်း ပြန်လည်ထွက်ခွာခဲ့ကြရာ ကာမိုင်းမြို့နယ် နန့်ယားကျေးရွာသို့ ရောက်ရှိကြပြီး နယ်မြေခံတပ်နယ်မှ အရာရှိ၊ စစ်သည် အိမ်ထောင်စုဝင် မိသားစုများအတွက် အဝတ်အထည်များကို ပေးအပ်ပြီး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တူညီဝတ်စုံများ၊ အိတ်ဆောင်ကတ်ပြားများနှင့် စာအုပ်များကို ကျေးရွာအသင်း စည်းရုံးရေးမှူးထံ ပေးအပ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ နံနက် ၁၀နာရီတွင် မိုးညှင်းခရိုင် ကာမိုင်းမြို့နယ်သို့ ရောက်ရှိကြပြီး ကာမိုင်းမြို့နယ်မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ မှာကြားသည်။

ရှေးဦးစွာ ကာမိုင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး ဦးလှမျိုးထွန်းက အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေ၊ ၂၀၀၆-၂၀၀၇ခုနှစ် မိုးစပါးရာသီတွင် ၁၅၀၇၆ ဧက စိုက်ပျိုးနိုင်ခဲ့မှုနှင့် စပါးထွက်ရှိမှု အခြေအနေ၊ ၂၀၀၇-၂၀၀၈ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် ၂၅၆၁၃ ဧက စိုက်ပျိုးရန် လျာထားသတ်မှတ်ထားရာ ၁၄၁၃၅ဧက ပျိုးထောင်ပြီးစီးမှုနှင့် ၂၄၁၄ ဧက စိုက်ပျိုးပြီးစီးမှုအခြေအနေ၊ မြို့နယ်၏ စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေး၊ လျှပ်စစ်ကဏ္ဍတို့နှင့် စပ်လျဉ်း၍ ရှင်းလင်း တင်ပြရာ၌ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များက မိမိတို့နှင့် သက်ဆိုင်ရာကဏ္ဍ အလိုက် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ကာမိုင်းမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးခဲ့မှုကို လည်းကောင်း၊ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ကာမိုင်းမြို့နယ်၏ ဆက်သွယ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကားပြောကြားရာတွင် မြို့နယ်တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာတာဝန်ခံများအနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ထိထိရောက်ရောက်၊ ဖိဖိစီးစီး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူများနှင့်အတူ ဒေသ၏ စိုက်ပျိုးရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် ကဏ္ဍအသီးသီးတို့ ယခင်ထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် စနစ်တကျ ဝိုင်းဝန်းပူးပေါင်း ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

နိုင်ငံတော်က သတ်မှတ်ပေးထားသည့် အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်း ပြည့်မီရေးနှင့် ဒေသဝမ်းစာဖူလုံပိုလျှံရေးတို့အတွက် နွေစပါး၊ မိုးစပါးအပါအဝင် ဆီထွက်သီးနှံများ၊ နှစ်ရှည်သီးနှံများကို ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ရွေးချယ်ကာ စိုက်နည်းစနစ်မှန်ကန်စွာဖြင့် တိုးချဲ့စိုက်ပျိုးရေး၊ စိုက်ဧကတိုးတက်ရရှိရေး၊ နှစ်ရှည်ပင် ရော်ဘာအပြင် ခြံစည်းရိုးကြက်ဆူတို့ကို သတ်မှတ်ဧကထက် ပြည့်မီကျော်လွန်အောင် စိုက်ပျိုးကြရေးတို့အတွက် ဌာနဆိုင်ရာများက ဒေသခံ တိုင်းရင်းသားတောင်သူများအား လိုအပ်သည်များ ပံ့ပိုးကူညီ ဖြည့်ဆည်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် မိမိဒေသတိုးတက်ရေးအတွက် မိမိတို့အားလုံးတွင် တာဝန်ရှိသည်ဟု ခံယူလျက် ကျရာအခန်းကဏ္ဍမှ တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းကြောင်း မှာကြားသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တူညီဝတ်စုံများနှင့် အိတ်ဆောင်ကတ်ပြားများကို မြို့နယ်အသင်းသို့ ပေးအပ်သည်။ ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က လူမှုရေးအသင်းအဖွဲ့ဝင်များအား အဝတ်အထည်များ ပေးအပ်လှူဒါန်းပြီး တွေ့ဆုံပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးတို့သည် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ကာမိုင်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ တာဝန်ခံဆရာဝန် ဒေါက်တာမင်းဌေးက ကာမိုင်းပြည်သူ့ဆေးရုံ၏ ဆေးဝါးကုသမှုအခြေအနေ၊ ဆေးရုံသုံးပစ္စည်း လိုအပ်ချက်နှင့် တာဝန်ထမ်းဆောင်နေကြသော ကျန်းမာရေး ဝန်ထမ်းများအခြေအနေကို ရှင်းလင်းတင်ပြကြရာ ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်မင်းက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကာမိုင်းမြို့နယ် ပြည်သူ့ဆေးရုံ၌ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်း၊ လူနာများ ဆေးရုံတက်ရောက်ကုသနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဆေးရုံဓာတ်မှန်ဆောင် ဆောက်လုပ်ရန် မြေနေရာရွေးချယ်သတ်မှတ်ပေးသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဆေးရုံဝန်ထမ်းများအတွက် အဝတ်အထည်များကို လည်းကောင်း၊ တိုင်းမှူးက ကာမိုင်းပြည်သူ့ဆေးရုံအတွက် ဓာတ်မှန်ဆောင် ဆောက်လုပ်ရန် ငွေကျပ် ၁၀သိန်းကိုလည်းကောင်း ပေးအပ်ရာ တာဝန်ခံဆရာဝန်နှင့် သူနာပြုများက လက်ခံရယူကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ကာမိုင်း-မိုးကောင်း-ဟိုပင်လမ်းအတိုင်း ဆက်လက်ထွက်ခွာခဲ့ကြ၍ လမ်းတစ်လျှောက် ရော်ဘာစိုက်ပျိုးထားရှိမှု အခြေအနေများနှင့် မိုးစပါး စိုက်ပျိုးထားရှိမှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးပြီး ညနေပိုင်းတွင် မိုးညှင်းမြို့သို့ ရောက်ရှိကြပြီး ညအိပ်ရပ်နားသည်။

(သတင်းစဉ်)

ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့၏ မြန်မာအမျိုးသမီးများနေ့ (၂၀၀၇) အခမ်းအနားတွင် ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဆွေဆွေမြင့် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ မြန်မာအမျိုးသမီးများနေ့ (၂၀၀၇)အခမ်းအနားကျင်းပ

ရန်ကုန် ဇူလိုင် ၁၉

ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့၏ "မြန်မာအမျိုးသမီးများနေ့" (၂၀၀၇)အခမ်းအနားကို ဇူလိုင် ၃ရက်တွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဆွေဆွေမြင့်က အမှာစကားပြောကြားသည်။

ထို့နောက် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး၏ ဇနီး ဒေါ်နွယ်နီဝင်းက ၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး၊ ဗဟို အဆင့် မယ်ဒလင်တီးပြိုင်ပွဲ ပထမဆုရရှိသူ နန်းခင်မေဖူးဟန်၊ တယောထိုးပြိုင်ပွဲ ဒုတိယဆုရရှိသူ မမြတ်မွန်ကိုကိုနှင့် ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပသည့် (၁၁)ကြိမ်မြောက် အာရှကလေးများ ယဉ်ကျေးမှုသို့ စေလွှတ်ခံရသူ မဇော်အိမ့်အိမ့်ပိုးတို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဆွေဆွေမြင့်က ၂၀၀၆ ခုနှစ် (၁၄)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးဗဟိုအဆင့် အကပြိုင်ပွဲ အထူးဆုရရှိသူ မနှင်းနှင်းအေး၊ မဟာဂီတအဆိုပြိုင်ပွဲ ဒုတိယဆုရရှိသူ မမေသက်နွယ်နှင့် အကပြိုင်ပွဲ တတိယဆုရရှိသူ မသင်းနန္ဒာနိုင်တို့အား လည်းကောင်း၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့တာဝန်ခံ ဒေါ်ခင်စမ်းက ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ဘက်စုံပညာထူးချွန်ဆုရသူ အထက(ပင်းတယ)မှ ဒသမတန်းကျောင်းသူ မသဥ္ဇာတင့်၊ ဘက်စုံသိပ္ပံတွဲ ထူးချွန်ဆုရရှိသူ အထက(၄) (တောင်ကြီး)မှ ဒသမတန်းကျောင်းသူ မဇင်မာဖြူနှင့် ဘက်စုံဝိဇ္ဇာတွဲ ထူးချွန်ဆုရရှိသူ အထက ရွာငံမှ ဒသမတန်းကျောင်းသူ မဆုပန်းပန်တို့အား လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ ယင်းနောက် တာန်ရှိသူများက ဆုရရှိသူများအား ဆုများကို ဆက်လက်ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဧည့်သည်တော်များနှင့် အမျိုးသမီးရေးရာ အဖွဲ့ဝင်များသည် ခင်းကျင်းပြသထားသော စာအုပ်များ၊ မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မွန်ပြည်နယ် ကြက်ငှက်တုပ်ကွေးရောဂါ ဇီဝလုံခြုံမှုကောင်းမွန်သော မွေးမြူရေးအလေ့အကျင့်ဆိုင်ရာ ဆင့်ပွားသင်တန်းပို့ချ

ရန်ကုန် ဇူလိုင် ၁၉

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွန်ပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကြီးမှူးကျင်းပသော ကြက်ငှက်တုပ်ကွေးရောဂါ ဇီဝလုံခြုံမှု ကောင်းမွန်သော မွေးမြူရေးအလေ့အကျင့်ဆိုင်ရာ ဆင့်ပွားသင်တန်းကို ဇူလိုင် ၁၅ရက်တွင် မော်လမြိုင်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး၌ ကျင်းပရာ ရှေးဦးစွာမော်လမြိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်းက အမှာစကားပြောကြားပြီး ပြည်နယ်မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှူး ဒေါက်တာထွန်းအောင်က ကြက်ငှက်တုပ်ကွေးရောဂါ ဇီဝလုံခြုံမှု ကောင်းမွန်သော မွေးမြူရေးအလေ့အကျင့်ဆိုင်ရာတို့ကို ရှင်းလင်းတင်ပြသည်။

အဆိုပါ သင်တန်းသို့ ကြက်ဒိုင်၊ ကြက်မွေးမြူရေး၊ ကြက်သားဆိုင်၊ ကြက်သားပေါက်ဖြန့်ချိရောင်းချသူများ၊ ကြက်ဥ၊ ဘဲဥရောင်းချသူနှင့် မွေးမြူသူ ၅၀ တို့ တက်ရောက်ကြပြီး တိရစ္ဆာန် ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေး၊ ဥပဒေဘာသာရပ်၊ ကြက်ခြံမှတ်ပုံတင်ခြင်း၊ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ရေးလမ်းညွှန်ချက်၊ ကြက်ခြံသန့်ရှင်းမှုနှင့် ဇီဝလုံခြုံမှုဆိုင်ရာအချက်များ၊ ကြက်သုတ်သင်ဖျက်ဆီးခြင်းနှင့် ပိုးသတ်သန့်စင်ခြင်းများကို သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

NLD ပါတီ၏လုပ်ရပ်များကို ထောက်ခံမှုမရှိ ဒီပဲယင်းမြို့နယ်နှင့် အရာတော်မြို့နယ်တို့မှ ပါတီဝင်ငါးဦး နုတ်ထွက်

ရန်ကုန် ဇူလိုင် ၁၉

စစ်ကိုင်းတိုင်း ဒီပဲယင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးသိန်းဆွေ၊ ဦးစိုးဝင်း၊ ဦးသောင်းအေး၊ ဦးကြည်သန်းတို့သည် ဇွန် ၂၅ရက်တွင်လည်းကောင်း၊ အရာတော်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ဦးတင်စိုးသည် ဇွန် ၂၇ရက်တွင်လည်းကောင်း ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

ဒီပဲယင်းမြို့နယ်နှင့် အရာတော်မြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် ၎င်းတို့သည် NLD ပါတီတွင် ဆက်လက်ပါဝင်လိုစိတ် မရှိတော့ကြောင်း၊ ပါတီ၏လုပ်ရပ်များကို ထောက်ခံမှုမရှိတော့သဖြင့် ၎င်းတို့သဘောဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။

(သတင်းစဉ်)

ရှေးဟောင်းဗိုင်းကင်းခေတ် ရွက်လှေတစ်စင်းကို နယ်သာလန် နိုင်ငံတွင် ဇူလိုင် ၁၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မောင်းသူမဲ့ လေယာဉ်ငယ်များ ဝယ်ယူရန် အိန္ဒိယစစ်ဘက် တင်ဒါခေါ်ယူမည်

နယူးဒေလီ ဇူလိုင် ၁၈

အိန္ဒိယနိုင်ငံ၏ အရှေ့မြောက်ပိုင်း သစ်တောထူထပ်သည့် နေရာနှင့် တောင်ထူထပ်ရာ ဂျမူး ကက်ရှ်မီးယားဒေသတို့တွင် အကြမ်းဖက်မှု တိုက်ဖျက်ရေးတာဝန်များ ထမ်းဆောင်နေသည့် အိန္ဒိယတပ်ဖွဲ့ဝင်များသို့ လေယာဉ်ငယ် (ယူအေဗွီ) အများအပြားကို အိန္ဒိယစစ်ဘက်က ဖြည့်ဆည်းပေးရန် စီစဉ်လျက်ရှိကြောင်း ပီတီအိုင်သတင်းအရ သိရသည်။

ယူအေဗွီ အစင်း ၁၀၀ မှ ၂၀၀ အထိ ဝယ်ယူရန် အိန္ဒိယစစ်ဘက်က စီစဉ်လျက်ရှိပြီး နိုင်ငံတကာကုမ္ပဏီများအား ယခုလအတွင်း တင်ဒါခေါ်ယူမည်ဖြစ်ကြောင်း စစ်ဘက်သတင်းရပ်ကွက်က ပြောကြားသည်။

အိန္ဒိယစစ်တပ်တွင် အစ္စရေး အာကာသလေကြောင်း ဌာနက ထုတ်လုပ်သည့် ဆီယာချာ(၁)နှင့် (၂)နှင့် ဟီရွန်လေယာဉ်ငယ်များ အပါအဝင် ယူအေဗွီ ၂၀၀ ခန့်သာရှိသည်။ ယူအေဗွီများသည် စစ်သွေးကြွများကို တိုက်ခိုက်ရာတွင် အားသာမှုရှိစေမည်ဟု လုံခြုံရေး ကျွမ်းကျင်သူများက ပြောကြားကြသည်။ ယူအေဗွီများသည် ပေါ့ပါးကျစ်လျစ် ခိုင်မာပြီး စစ်ဘက်နှင့် ကမ်းခြေလုံခြုံရေး မစ်ရှင်များအတွက် အသုံးပြုရန် ပြုလုပ်ထားခြင်းဖြစ်သည်။ **အမ်အင်အေ၊ပီတီအိုင်။**

ပင်လယ်လိပ်များ ပုံတူပွားရန် မလေးရှားစီမံကိန်း ချမှတ်

ကွာလာလမ်ပူ ဇူလိုင် ၁၈

မလေးရှားနိုင်ငံသည် မျိုးသုဉ်းရန် အန္တရာယ်ကျရောက်နေသော ပင်လယ်လိပ်များကို ကယ်တင်သည့်အနေဖြင့် Leather back အမျိုးအစားပင်လယ်လိပ်များကို မျိုးရိုးဗီဇနည်းပညာအရ ပုံတူပွားမည့် စီမံကိန်းတစ်ရပ်ကို ဒေါ်လာ ကိုးသန်း အကုန်အကျခံကာ အကောင်အထည်ဖော်မည် ဖြစ်ကြောင်း ဇူလိုင် ၁၆ ရက် အင်တာနက်သတင်း၌ ဖော်ပြသည်။

Leather back အမျိုးအစား ပင်လယ်လိပ်များသည် ကျောကုန်းတွင် သားရေကဲ့သို့ အသွေးအရောင်ရှိသည်။ ပင်လယ်လိပ်များ ပုံတူပွားသည့် စီမံကိန်းကို အကောင်အထည်ဖော်နိုင်ရန် မလေးရှား သိပ္ပံပညာရှင်များသည် ပြည်ပနိုင်ငံများ မှ ပညာရှင်များနှင့် ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နယူးစထရိတ် တိုင်းမ်စ် သတင်းစာတွင် ဖော်ပြသည်။ **အင်တာနက်။**

ထိုင်းတောင်ပိုင်းတွင် ရွာသားနှစ်ဦး ပစ်သတ်ခံရ

ဗန်ကောက် ဇူလိုင် ၁၈

ထိုင်းနိုင်ငံတောင်ပိုင်းရှိ ဆွန်ခလာပြည်နယ်တွင် စနေနေ့ နံနက်စောစောပိုင်းက သတ်ဖြတ်ခံရကြောင်း ဒေသဆိုင်ရာမီဒီယာသတင်းအရ သိရှိရသည်။ သေနတ်သမားများက မော်တော်ဆိုင်ကယ်စီး၍ ဆာဘာယွိုင်ခရိုင်ရှိ အိမ်တစ်အိမ်သို့ ရောက်ရှိလာပြီး ဟက်ဒလိုနှင့် မီဆီအမည်ရှိ ရွာသားနှစ်ဦးကို သတ်ဖြတ်ခဲ့ကြကြောင်း ထိုင်းသတင်းဌာနက ဖော်ပြသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ဩစတြေးလျ၌ ဒိုင်နိုဆောရပ်ကြွင်းများ ပထမဆုံး ပြသ

ဆစ်ဒနီ ဇူလိုင် ၁၈

ဩစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ်ရှိ ကွင်းစလန်းပြတိုက်တွင် ဒိုင်နိုဆောရပ်ကြွင်းများကို မကြာမီက ပထမဆုံးအကြိမ် ပြသနိုင်ပြီ ဖြစ်ကြောင်း ဇူလိုင် ၁၇ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

သိပ္ပံပညာရှင်များသည် ၈၂ ပေ အရှည်ရှိ ဒိုင်နိုဆောရပ်ကြွင်းနှစ်ခုကို ရှာဖွေတွေ့ရှိခဲ့ကြပြီး ကြာရှည်စွာ လေ့လာခဲ့သည်။

ဒိုင်နိုဆောရပ်ကြွင်း နှစ်ခုကို ၂၀၀၅ ခုနှစ်နှင့် ၂၀၀၆ ခုနှစ်တို့တွင် ကွင်းစလန်းပြည်နယ်မြို့တော် ဘရစ္စဘိန်းမြို့၏ အနောက်ဘက်မိုင် ၆၀ အကွာ အာရီမန်ဂါမြို့အနီးတွင် ရှာဖွေတွေ့ရှိခဲ့သည်။ ကျောက်ဖြစ်ရုပ်ကြွင်းအဖြစ် တည်ရှိနေသော ယင်းဒိုင်နိုဆောရုပ်ကြွင်းများကို တူးဖော်ယူနိုင်ရန် နှစ်ပေါင်းများစွာ အချိန်ယူခဲ့ရသည်။ ယခုအခါ ဒိုင်နိုဆောရပ်ကြွင်းများနှင့် ပတ်သက်၍ သုတေသီများ၏ လေ့လာမှုများ ပြီးဆုံးခဲ့ပြီဖြစ်ရာ ကွင်းစလန်းပြတိုက်တွင် ပြသထားပြီဖြစ်သည်။

ဩစတြေးလျနိုင်ငံတွင် ရှာဖွေတွေ့ရှိခဲ့ရသော အရိုးစုများအနက် အကြီးဆုံး အရိုးစုများမှာ ဒိုင်နိုဆောရပ်ကြွင်းများပင်ဖြစ်ကြောင်း သုတေသီ ယော့နူးလ်က ပြောကြားသည်။ မိမိတို့ တွေ့ရှိခဲ့သော ဒိုင်နိုဆောမှာ တိုင်တန်နိုဆောရပ်စ် (Titano saurs) အမျိုးအစား ဖြစ်ကြောင်း၊ သမိုင်းမတင်မီခေတ်ရှေးဦး သတ္တဝါများအနက် အကြီးဆုံးသတ္တဝါဖြစ်ကြောင်း၊ ယင်း ဒိုင်နိုဆော သတ္တဝါသည် အပင်များကို စားသောက်နေထိုင်ကြောင်း၊ လွန်ခဲ့သည့် သန်း ၁၀၀ မှ သန်း ၂၀၀ အထိ တိုင်တန်နိုဆောရပ်စ် ဒိုင်နိုဆောတို့ ကမ္ဘာမြေပေါ်ရှိခဲ့ကြောင်း သုတေသီ ယော့နူးလ်က ပြောကြားသည်။ **အင်တာနက်။**

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ အကြမ်းဖက်မှုတိုက်ဖျက်ရေးလေ့ကျင့်မည်

ပေကျင်း ဇူလိုင် ၁၈

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (အက်စ်စီအို)အဖွဲ့ဝင် ခြောက်နိုင်ငံသည် ဩဂုတ် ၉ ရက်မှ ၁၇ ရက်အထိ အကြမ်းဖက်မှုတိုက်ဖျက်ရေး ပူးတွဲစစ်ရေးလေ့ကျင့်မှုတစ်ရပ်ကို ပြုလုပ်သွားမည်ဖြစ်ကြောင်း တရုတ်ကာကွယ်ရေး ဝန်ကြီးဌာနက ဇူလိုင် ၁၇ရက်တွင်ပြောကြားသည်။ ယင်းစစ်ရေးလေ့ကျင့်မှုကို ၂၀၀၇ ခုနှစ် ငြိမ်းချမ်းရေးမစ်ရှင်ဟူ၍ အမည်ပေးထားသည်။ စစ်ရေးလေ့ကျင့်မှုကို ရုရှားနိုင်ငံ ယူရယ်လ်တောင်တန်းတွင်လည်းကောင်း၊ တရုတ်နိုင်ငံ ဆင်စင်းကျန်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ အူရမ်ကီမြို့တွင်လည်းကောင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **အင်တာနက်။**

ဂျပန်နိုင်ငံ ရှီမာဒါအလယ်ပိုင်းဒေသတွင် မန်ယီမုန်တိုင်း တိုက်ခတ်မှုကြောင့် ပြိုကျသွားသော ကမ္ဘာ့အရှည်ဆုံး ဟိုရာဘီ သစ်သားတံတားကို ဇူလိုင် ၁၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်၏ ဒုံးကျည်ကာကွယ်ရေးစနစ် ချထားမည့်အစီအစဉ် ပိုလန်ပြည်သူအများစု မထောက်ခံ

ဝါဆော ဇူလိုင် ၁၈

ပိုလန်နိုင်ငံပိုင်နက်နယ်မြေအတွင်း ဒုံးကျည်ကာကွယ်ရေးစနစ်ချထားမည့် အမေရိကန်၏အစီအစဉ်ကို ပိုလန်ပြည်သူထက်ဝက်ကျော်က မလိုလားမထောက်ခံကြောင်း စစ်တမ်းကောက်ယူလေ့လာရာမှ တွေ့ရှိရကြောင်း အင်္ဂါနေ့သတင်းတွင် ဖော်ပြသည်။

ထိုစစ်တမ်းကို စီဘီအိုအက်စ် စစ်တမ်းကောက်ယူရေးအဖွဲ့က စာရင်းကောက်ယူ လေ့လာခဲ့ခြင်းဖြစ်သည်။ ထိုလေ့လာချက်အရ ၅၅ရာခိုင်နှုန်းသော လူများက မထောက်ခံကြောင်းဖော်ပြပြီး ၂၈ ရာခိုင်နှုန်းက ဖြေကြားခဲ့ခြင်းမရှိပေ။ အမေရိကန်အနေဖြင့် မြေပြင်အခြေစိုက် ဒုံးခွင်းဒုံး ၁၀ စင်းကို ပိုလန်နိုင်ငံမြောက်ပိုင်း၌ ချထားလိုသော ဆန္ဒရှိသည်။ ရေဒါပစ္စည်းများကို ချက်ကိုစလိုဗက်နိုင်ငံ၌ အခြေစိုက်ထားလိုသည်။ ၎င်းတို့အဆိုအရ ထိုဒုံးကျည်ကာကွယ်ရေးစနစ်သည် ဘေးအန္တရာယ်ပေးနိုင်သည့်နိုင်ငံများ၏ အန္တရာယ်မှ အကာအကွယ်ပေးရန်ဖြစ်သည်ဟု အကြောင်းပြသည်။ **အမ်အင်အေ၊ရိုက်တာ။**

တူရကီနိုင်ငံ အန်တယ်လ်ယာမြို့ မြေထဲပင်လယ် ကမ်းခြေတွင် အပန်းဖြေနေသူများကို ဇူလိုင် ၁၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကြေးမုံ The Mirror

နိုင်ငံတကာသတင်းများ

ဂမ်ကိုနီရာမီးတောင်လှုပ်ရှားမှု ငြိမ်သက်

ဂျကာတာ ဇူလိုင် ၁၈

အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်းရှိ မီးတောင်တစ်လုံး၏ လှုပ်ရှားမှုမှာ ငြိမ်သက်သွားပြီဖြစ်သဖြင့် တောင်ဆင်ခြေလျှောတစ်လျှောက်ရှိ ကျေးရွာများမှ ထွက်ပြေးသွားခဲ့ကြရသည့် ထောင်ပေါင်းများစွာသော ရွာသူ၊ ရွာသားများအား ၎င်းတို့၏ နေအိမ်များသို့ ပြန်လာနိုင်ပြီဖြစ်ကြောင်း တာဝန်ရှိသူ တစ်ဦးက တနင်္လာနေ့တွင် ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ ဟယ်လ်မာဟာရာကျွန်းရှိ ဂမ်ကိုနီရာမီးတောင်သည် ပြာနှင့်မီးခိုးများ ပန်းထွက်လျက်ရှိခြင်းကြောင့် မီးတောင်လေ့လာရေးဌာနက ယခင်ရက်သတ္တပတ်တွင် သတိပေးချက်အဆင့်ကို အမြင့်ဆုံးအဆင့်သို့ မြှင့်တင်သတ်မှတ်ပေးခဲ့သည်။

ရွာသူ၊ ရွာသား ၁၂၀၀၀ ခန့်သည် မီးတောင်ဆင်ခြေလျှောများမှ ထွက်ပြေးခဲ့ကြရပြီး ယာယီတည်းခိုရေးစခန်းများနှင့် ဘေးလွတ်ကင်းရာနေရာများရှိ မိတ်ဆွေများနှင့် ဆွေမျိုးများထံတွင် နေထိုင်ခဲ့ကြရသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနား ကျင်းပ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး တက်ရောက်ကြည်ညို

ရန်ကုန် ဇူလိုင် ၁၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့သည် ဇူလိုင် ၁၂ရက် နံနက် ၅နာရီခွဲတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် သီရိမင်္ဂလာလမ်းရှိ ကံမြင့်ကျောင်းတိုက်၌ ကျင်းပသည့် (၉)ကြိမ်မြောက် နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီး (၄၇)ပါးတို့အား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ကြည်ညိုကြပြီး နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ အမှူးပြုသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး အမှတ်(၇၇)ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ သာသနာရေးဝန်ကြီးဌာနနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားမစတင်မီ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးနှင့် အဖွဲ့ဝင်များက နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးနှင့် ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်ကြီးများက မေတ္တာသုတ် ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရနှင့်အကျိုးတော်ဆောင် ညောင်တုန်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသြဘာသာဘိဝံသ တို့အား ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တပ်မမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ တာဝန်ရှိသူများနှင့် အလှူရှင်များက နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများအား ဝါဆိုသင်္ကန်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသြဘာသာဘိဝံသထံမှ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးနှင့် ပရိသတ်တို့က ရေစက်ချ အနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ငါးပါးသီလခံယူဆောက်တည်

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးနှင့် ပရိသတ်တို့ (၉)ကြိမ်မြောက် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီး(၄၇)ပါးတို့အား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၁၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့၏ ဒုတိယအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ယမန်နေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာနများ၏ အစည်းအဝေးခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ဇနီး ဒေါ်တင်တင်နွဲ့တို့ တက်ရောက်ကြည်ညို၍ ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ **(ယာပုံ)**

အဆိုပါ အခမ်းအနားသို့ ပျဉ်းမနားမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ မဟာလယ်တီစံ ကျောင်းတိုက် ဆရာတော် စူဠဂန္ဓဝါစကပဏ္ဍိတ ဘဒ္ဒန္တဣန္ဒာဝုဓ အမှူးပြုသော ဆရာတော် ၁၈ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်နှင့် ဇနီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်၊ ဝန်ကြီးဌာန နှစ်ခုတို့ရှိ ဦးစီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ တက်ရောက်ကြည်ညိုကြသည်။

(သတင်းစဉ်)



ပျိုးသည့်ပန်းများပွင့်တော့မည်

* ပုန်းညက်ဖြာလျက်
မိုးကန့်လန့်ကာ ပွင့်ခဲ့ပါပြီ။

* ဝသန္တဝယ်၊ မြရည်ခြယ်ဆမ်း
ညောင်နှစ်ပင်စခန်းမှာ၊ ပန်းမျိုးတစ်ရာ
ကြွယ်စွာရောင်သွေး၊ ပျံ့မွှေးဖူးပွင့်
မြူးစွင့်ကြသည်၊ ထူးတင့်လှပညီညာစွတည့်။

* ဝင့်ကြွားခံ့ထည်၊ ပြည်ထောင်စုခန်းမ
ချမ်းမြသူ့ရှေ့၊ တဝေ့ဝေ့ရောင်လျှံ
ပြည်နယ်,တိုင်းအလံတွေ၊ တဝေဝေနှင့်
အခြေခံဥပဒေ၊ ငါတို့ပြည်အတွက်
စိုပြည်မိုးဆမ်း၊ ပန်းများပမာ
ဖူးပွင့်လာခွင့်၊ မကြာမြင့်တော့
ပန်ခွင့်ညီတူ၊ ရွှေပြည်သူတို့
ကြည်ဖြူလှမ်းလင့်ကြိုနေပြီ။

* မိုးအမှုန်မောင်၊
ပြည်ထောင်တစ်ဝန်း၊ အနှံ့ဖျန်းရွာ
အေးမြသာအောင်၊ လက်ဆောင်ဆက်နှင်း
ဒို့တိုင်းရင်းသား၊ ညီနောင်များသည်
ကိုယ့်ပြည်နိုင်ငံ၊ အခြေခံဥပဒေ
ပေါ်ပေါက်စေရန်၊ ရည်သန်ကြိုးပမ်း
တစ်ဝမ်းတစ်စိတ်၊ အေးနိမိတ်ဖြင့်
အဓိဋ္ဌာန်များ ပြည့်တော့မည်။

* ခေတ်မီဖွံ့ဖြိုး၊ နိုင်ငံအကျိုးတွက်
တွဲယှက်လက်ချင်း၊ ညီညာခြင်းဖြင့်
တိုင်းရင်းသားညီနောင်၊ မောင်နှမများ
ချစ်အားသန်သန်၊ စစ်မှန်မျိုးချစ်စိတ်
အထွတ်ထိပ်ဖြင့်၊ အေးရိပ်ဆာယာ
ပြည်မြန်မာ၏၊ ညီညာခြင်းဇကန်
ဥယျာဉ်ခြံကို၊ ဝန်းရံလက်တွဲ
အမြဲထာဝရ၊ လှပဝေဆာ
သာယာစေအောင်၊ ရည်ဆောင်ပြုစုထိန်းသိမ်းစို့။ ။

ဦးအောင်မွန် (မဟာဝိဇ္ဇာ)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့နယ် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့တွင် ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၁၇ရက် နံနက် ၈နာရီခွဲတွင် မိုင်းယန်းတပ်နယ် ခြစည်းရိုးကြက်ဆူစိုက်ပျိုးပွဲတော်ကျင်းပမည့် ဧက ၁၀ စိုက်ခင်းသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက မိုင်းယန်းတပ်နယ်ရှိ အရာရှိ စစ်သည် မိသားစုဝင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များထံ ခြစည်းရိုးကြက်ဆူပျိုးပင်များ ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်တို့က ခြစည်းရိုး ကြက်ဆူပျိုးပင်ကို စိုက်ပျိုးပေးကြသည်။

ကြည့်ရှုအားပေး

ယင်းနောက် မိုင်းယန်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ ခြစည်းရိုး ကြက်ဆူပျိုးပင်များကို တပျော်တပါး စိုက်ပျိုးကြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့ဝင်များက ကြည့်ရှုအားပေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက စိုက်ပျိုးပြီး ခြစည်းရိုး ကြက်ဆူပင်များ ရှင်သန်ကြီးထွားရန်အတွက်လည်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် မိုင်းယန်းတပ်နယ်ခန်းမ၌ တပ်နယ်ရှိ အရာရှိ စစ်သည်မိသားစုဝင်များအား တွေ့ဆုံ၍ ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး အမှာစကားပြောကြားကာ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် အဖွဲ့ဝင်များနှင့်အတူ မိုင်းယန်းမြို့နယ် ပြည်သူ့ဆေးရုံသို့ရောက်ရှိကြရာ ပြည်နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာမြင့်အောင်၊ ခေတ္တဆေးရုံအုပ် ဒေါက်တာအောင်ကိုဦးနှင့် ကျန်းမာရေးဝန်ထမ်းများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် အဖွဲ့ဝင်များနှင့်အတူ ဆေးရုံတက်ရောက်ကုသမှု ခံယူနေကြသောလူနာများအား ကြည့်ရှုအားပေးစကားပြောကြားကာ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် မိုင်းယန်းမြို့ ပြည်သူ့ဆေးရုံ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၁၀သိန်း ပေးအပ်လှူဒါန်းရာ ခေတ္တဆေးရုံအုပ် ဒေါက်တာအောင်ကိုဦးက လက်ခံသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းအား တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ပြည်နယ်အစီအစဉ်ဖြင့် ဆေးရုံအမိုးမျက်နှာကြက် ပြုပြင်မွမ်းမံမည့်အစီအစဉ်၊ သားဖွားခန်းနှင့် ခွဲစိတ်ခန်းတိုးချဲ့မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကိုတာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် အဖွဲ့ဝင်များနှင့်အတူ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်းနှင့် ဓာတ်မှန်ခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် အဖွဲ့ဝင်များနှင့်အတူ မိုင်းယန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ရောက်ရှိကြပြီး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း မိုင်းယန်းမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် မိုင်းယန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်းက ဒေသဖွံ့ဖြိုးရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ဦးသိန်းမောင်၊ ပြည်နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးအောင်ခင်၊ မြို့နယ် ဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်းနှင့် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်တို့က ကဏ္ဍအလိုက် ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရသည် နယ်မြေဒေသအသီးသီး၌ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ကြီး တည်ဆောက်ရေးလုပ်ငန်းစဉ်များကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးစွမ်းအားဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားပြည်သူများက တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်းဖြင့် မှာကြားပြီး တွေ့ဆုံပွဲ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် အဖွဲ့ဝင်များနှင့်အတူ မိုင်းယန်းမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ပြည်နယ် ပညာရေးမှူး ဦးတင်အောင်၊ ကျောင်းအုပ်ဆရာကြီး ဦးနိုင်းဟိုင်ကွန်းနှင့် ဆရာ ဆရာမများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် သိပ္ပံလက်တွေ့ခန်း၊ စာကြည့်ခန်း၊ ကွန်ပျူတာခန်းမ၊ Lecture Room တို့ကိုလည်းကောင်း၊ တိုးချဲ့ကျောင်းဆောင်သစ်၌ မူလတန်းကလေးငယ်များ ပညာသင်ကြားနေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက အင်္ဂလိပ်စာသင်ကြားရေးနှင့်ပတ်သက်၍ အင်္ဂလိပ်စာသင်ကြားသည့် စာအုပ်နှင့်တိပ်ခွေများ ကျောင်းသားများ လက်ဝယ်ရောက်ရှိ၍ နေအိမ်တွင် ထပ်မံလေ့လာနိုင်စေရေး ကူးယူဖြန့်ဖြူးပေးရန် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ကျောင်းခန်းမ၌ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံပြီး အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးကဏ္ဍကို တတ်နိုင်သမျှမြှင့်တင်ပေးလျက်ရှိကြောင်း၊ ဆရာဆရာမများကလည်း သင်ကြားမှုပိုင်းတွင် စေတနာထားပြီး ဒေသဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုနိုင်သည့် ဘက်စုံထူးချွန်ကျောင်းသားကျောင်းသူများပေါ်ထွန်းအောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူ ငါးဦးတို့အား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ပြီး ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် မိုင်းယန်းမြို့ ဖွံ့ဖြိုးစည်ပင်မှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် ဖာပွန်ကျေးရွာ တောင်သူ ဦးအိုက်ရီစံ၏ ကွင်းအမှတ် ၈/က သို့ရောက်ရှိကြပြီး ပဲပုပ် ရှစ်ဧက၊ ပြောင်းနှစ်ဧက ဖြစ်ထွန်းအောင်မြင်မှုကို ကြည့်ရှုစစ်ဆေးရာ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ရှင်းလင်းပြသသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက် ထွက်ခွာလာရာ မိုင်းလွေ စံပြကျေးရွာ ဖွံ့ဖြိုးစည်ပင်မှု လမ်းဘေးဝဲ/ယာ တစ်လျှောက် စိမ်းလန်းစိုပြည်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မိုင်းခတ်မြို့၌ ညအိပ်ရပ်နားသည်။ (သတင်းစဉ်)

ဟိန္ဒူသနတ္တနဓမ္မပါလကအဖွဲ့ချုပ် ဝါဆိုသင်္ကန်း ဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၁၉

ဟိန္ဒူမိသားစုများ၏ စုပေါင်း ဝါဆိုသင်္ကန်းနှင့် ဆွမ်းအလှူဒါနပြုပွဲကို ကမ္ဘာအေးကုန်းမြေ ကျောင်းဆောင်သစ်တွင် သီတင်းသုံးတော်မူကြကုန်သော နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများနှင့် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်မှ သံဃာတော် ၄၇၂ ပါးတို့အား တစ်နေ့တာ ဆွမ်းဆက်ကပ်ခြင်းနှင့် ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းပွဲကို ၁၃၆၉ ခုနှစ် ဝါဆိုလပြည့်ကျော်၇ရက်(ဩဂုတ် ၅ ရက်) တနင်္ဂနွေနေ့ နံနက် ၉ နာရီ၌ မိုးကုတ်ဆွမ်းစားကျောင်း ကမ္ဘာအေးကုန်းမြေတွင် ပြုလုပ်မည်ဖြစ်သည်။

ပါဝင်လှူဒါန်းလိုသော အလှူရှင်များသည် သင်္ကန်းတစ်စုံလျှင် ငွေကျပ် ၁၂၀၀၀၊ ဆွမ်းအတွက် အနည်းဆုံး ငွေကျပ် ၈၀၀၀ ကို ဇူလိုင် ၂၈ ရက်နောက်ဆုံးထား၍ ဦးကြည်မင်း ဖုန်း– ၅၂၅၁၆၅၊ ဦးသိန်းလွင် စန္ဒီပုံနှိပ်တိုက် အမှတ် ၈၄(ဘီ) ၃၁ လမ်း ရန်ကုန်မြို့ ဖုန်း–၂၄၂၇၅၁ နှင့် ဖုန်း–၂၄၅၆၀၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

အိန္ဒိယသမ္မတနိုင်ငံ မွန်ဘိုင်းမြို့တွင် တည်ထားလျက်ရှိသော ကမ္ဘာ့ဝိပဿနာ စေတီတော်အတွက် အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်ကြည်နှင့် မောင်ဖြစ်သူ ဦးဝင်းသင်ကောင်းမှ အလှူငွေ ကျပ် ၁၀သိန်း ပေးအပ်လှူဒါန်းစဉ်။

(က–ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၀–၇–၂၀၀၇ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	လက်စွမ်းပြဟန်ဂီတသံ
၄း၁၅	၄။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၃၅	၅။	နားဝင်ငြိမ့်စီးသီချင်းကြီး
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၂၅	၇။	အလွမ်းတေးပန်းချီချစ်သူဆီ
၅း၃၅	၈။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၂၅	၁၁။	အမျိုးသားရေးတေးကဗျာ
၆း၄၀	၁၂။	စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
၆း၄၅	၁၃။	လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၄။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “မြင်မြင်ချင်းပဲကွယ်” (အပိုင်း–၁၄)**
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	စိုက်ပျိုးသုတ
	၁၉။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၀။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “သေကာံမရောက်” (အပိုင်း–၇)**
	၂၁။	သင့်အတွက်မနက်ဖြန်
	၂၂။	အပိတ်နှုတ်ဆက်စကား
	၂၃။	ပြီးပါပြီ။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁၉

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ၂၀၀၇ခုနှစ်မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၅ရက် နံနက် ၁၀နာရီခွဲတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံး ပတ်ဝန်းကျင်တွင် ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး တက်ရောက်၍ သစ်ပင်စိုက်ပျိုးပေးသည်။

အဆိုပါ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရှိ လုပ်ငန်း/ဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဝန်ထမ်းမိသားစုများ အင်အား ၁၀၀၀ကျော် တက်ရောက်ကြပြီး စိန်တစ်လုံးသရက် အပင် ၅၀၀ကျော် စိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ၂၀၀၇ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် သစ်ပင်ကိုစိုက်ပျိုးပေးစဉ်။
(လယ်/ဆည်)

ကျိုက်သလ္လံစေတီငွေလှူဒါန်းနိုင်

ရန်ကုန် ဇူလိုင် ၁၉

မွန်ပြည်နယ် မော်လမြိုင်မြို့ သမိုင်းဝင်ဆံတော်ရှင် ကျိုက်သလ္လံစေတီတော်မြတ်ကြီး၏ ပရဝုဏ်အတွင်း ပြုပြင်တည်ဆောက်မှုလုပ်ငန်းများအတွက် လှူဒါန်းလိုသူများသည် မော်လမြိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဘက်စုံပြုပြင်တည်ဆောက်မှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးမောင်မောင် ဖုန်း-၀၅၇-၂၄၈၇၈၊ စေတီတော် ဖုန်း-၀၅၇-၂၁၃၃၄၊ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း ဖုန်း-၀၅၇-၂၃၀၀၄ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (က-ပ)

မင်္ဂလာဈေးဓမ္မာရုံ ဝါဆိုသင်္ကန်းဆက်ကပ်ပွဲနှင့် တရားပွဲများ

ရန်ကုန် ဇူလိုင် ၁၉

မင်္ဂလာဈေး သံဃာ့ဒါနဆွမ်းလောင်းအသင်းမှ ဇူလိုင် ၂၂ရက်တွင် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဗဟန်းကြားတောရလမ်း မင်္ဂလာဈေးဓမ္မာရုံတွင် ကျင်းပမည်ဖြစ်ရာ အကြိုတရားပွဲအဖြစ် ဇူလိုင် ၂၁ရက်(စနေနေ့)တွင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ (ရေစကြိုဆရာတော်)က လည်းကောင်း၊ ဝါတွင်းဆွမ်းလောင်းပွဲအကြို အဖိတ်နေ့တရားပွဲအဖြစ် ဇူလိုင် ၂၈ရက်(စနေနေ့)တွင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ(မော်ကျွန်းဆရာတော်)က လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားများ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

လန်ဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာ ကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီ (ရွှေသိင်္ဂီရတနာ ဓမ္မာရုံ အမှတ်-၉၈၊ ရွှေဘုံသာလမ်း ပန်းဘဲတန်းမြို့နယ်)သို့ အောင်သုခလမ်း ကမာရွတ်မြို့နယ်နေ ဦးမြင့်ဦး ဒေါ်ဝင်းဝင်းခိုင်နှင့်သားများက ငွေကျပ် ၁၀၀၀၀၀လှူဒါန်းရာ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးကျော်ခင်မြင့်လက်ခံယူစဉ်။ (က-ပ)



ဒေါပုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဖြိုးစေတနာ (အခမဲ့)ဆေးကုခန်းဖွင့်

အမျိုးသားညီလာခံကို ဂုဏ်ပြုသောအားဖြင့် ဒေါပုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သည့် ဖြိုးစေတနာ(အခမဲ့) ဆေးကုခန်းဖွင့်ပွဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆိုပြုလွှာ ၂၅၂စောင်ကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ရန်ကုန်တိုင်းတာဝန်ခံ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းထံ မြို့နယ်အတွင်းရေးမှူး ဦးလှမြင့်က ပေးအပ်စဉ်။ (၁၉)

ရန်ကုန် ဇူလိုင် ၁၉

အမျိုးသားညီလာခံကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ စီစဉ်မှုဖြင့် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒေါပုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော ဖြိုးစေတနာ (အခမဲ့)ဆေးကုခန်းဖွင့်ပွဲနှင့် ဆေးပဒေသာပင် လှူဒါန်းပွဲအခမ်းအနားကို ဇူလိုင် ၁၈ရက်နံနက်တွင် ဒေါပုံမြို့နယ် မြို့သစ်ရပ်ကွက် မင်းနန္ဒာလမ်းရှိ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ကျင်းပရာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ) မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း တက်ရောက်၍ ဖြိုးစေတနာ ဆေးကုခန်းကို ဖွင့်လှစ်ပေးသည်။

ဖြိုးစေတနာ (အခမဲ့)ဆေးကုခန်းဖွင့်ပွဲနှင့် ဆေးပဒေသာပင် လှူဒါန်းပွဲသို့ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ခေတ္တအတွင်းရေးမှူး ဦးအောင်မြင့်နှင့် အမှုဆောင်များ၊ ခရိုင်အတွင်းရေးမှူး ဦးဇော်အောင်နှင့် မြို့နယ်အတွင်းရေးမှူးများ၊ ဖိတ်ကြားထားသူများ အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဖြိုးစေတနာ (အခမဲ့)ဆေးကုခန်းဖွင့်ပွဲကို မြို့နယ်အသင်းရုံးရှိ အဆိုပါ ဆေးကုသခန်း ဥပစာ၌ကျင်းပရာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ တိုင်းခေတ္တအတွင်းရေးမှူး ဦးအောင်မြင့်၊ ဒေါက်တာနေလင်း၊ ဒေါက်တာဒေါ်ရင်ရင်ထွေးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဆေးကုသခန်းကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဆေးပဒေသာပင် လှူဒါန်းပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဗဟိုအလုပ်အမှုဆောင်က ဖြိုးစေတနာ(အခမဲ့)ဆေးကုခန်းများ ဖွင့်လှစ်ရခြင်းကို ပြောကြားပြီး အလှူရှင် ၄၀တို့၏ အလှူငွေကျပ် ၃၂သိန်း ရှစ်သောင်းကို လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်ထံ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာ ၂၅၂စောင်ကို မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးလှမြင့်ကပေးအပ်ကာ မြို့နယ် ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းသည်။ (၁၉)

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

မြန်မာနိုင်ငံ ဗိသုကာများအသင်း ဆွေးနွေးပွဲ

ရန်ကုန် ဇူလိုင် ၁၉

မြန်မာနိုင်ငံ ဗိသုကာများအသင်း (AMA)၏ (CPD=Continuous Professional Development) အစီအစဉ်အရ Seminar Series များ ပြုလုပ်သွားမည် ဖြစ်သည်။ ပထမဆုံး Seminar အဖြစ် ဇူလိုင် ၂၈ရက် မွန်းလွဲ ၂နာရီတွင် မြန်မာအင်ဖိုတက် ဆွေးနွေးပွဲခန်းမ၌ Green Architecture နှင့် Architecture as 1 understand it ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်သည်။ Registered Architect နှင့် အသင်းဝင်များ၊ စိတ်ပါဝင်စားသူများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်နိုင်ကြောင်း သိရသည်။ Registered Architect များ သက်တမ်းတိုးရန် CPD Point များအဖြစ် စတင်မှတ်ယူမည်ဖြစ်၍ မပျက်မကွက်တက်ရောက်ရန်ဖြစ်သည်။ Seminar နှင့် အသင်းဝင်ကိစ္စများ သိရှိလိုပါက မဟေမာန်ကြည်(AMA ရုံးအဖွဲ့မှူး) ဖုန်း-၀၁-၇၂၃၁၀၄ နှင့် ၀၁-၅၁၀၄၂၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၀-၇-၂၀၀၇(သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
- ၈:၁၀ ၆။ အတီးပြိုင်ပွဲ
- ၈:၂၀ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၁၀။ English for Every day Use.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ Practice In Reading.
- ၄:၄၀ ၄။ လက်ဆင့်ကမ်းပေးဂီတတေး
- ၄:၅၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
- ၅:၀၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၅:၂၀ ၇။ မြန်မာစာ၊မြန်မာစကား
- ၅:၃၀ ၈။ **"သတင်းကောင်း" (သျှားညို၊ဆုပန်ထွာ၊ပွင့်) (ဒါရိုက်တာ-ညိုမင်းလွင်)**
- ၅:၄၅ ၉။ နှောင်းခေတ်တေးပဒေသာ
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၂။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၇:၁၅ ၁၃။ ဘိုင်းဒါးရေလွှဲဆည်
- ၇:၁၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဒုတိယအရွယ်၏ချစ်မေတ္တာ" (အပိုင်း-၅)**
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကံကြမ္မာနတ်သမီး" (အပိုင်း-၂၂) (ဇာတ်သိမ်း)**
- ၁၉။ နောက်တစ်နေ့အစီအစဉ်
- ၂၀။ အစီအစဉ်ပြီး၏။

ဖဲကြိုးဖြတ်ဖွင့်

ဇူလိုင် ၁၅ရက်က သင်္ဃန်းကျွန်းမြို့နယ် င/ကရပ်ကွက်တွင် ဖြိုးမေတ္တာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲနှင့် အလှူငွေပေးအပ်ပွဲကျင်းပရာ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးခင်ဝေ နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်မြင့်မြင့်မော် တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (ခရိုင် ပြန်/ဆက်)

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့ အထက(၂)၌ ဇူလိုင် ၁၂ရက်က မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကျင်းပရာ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော မသိမ့်သိမ့်ဦးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မမအောင် ဆုပေးအပ်ချီးမြှင့်စဉ်။
(သတင်းစဉ်)

အမျိုးသားညီလာခံအောင်ပွဲမှသည်– ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့. . .

(တက္ကသို

မြန်မာနိုင်ငံအတွက် အကောင်းဆုံးစနစ်ကတော့ အချုပ်အခြာအာဏာ (နိုင်ငံတော်အာဏာသုံးရပ်)ကို တစ်ဦးတည်းလက်ထိုးအပ်တဲ့ ပါလီမန်ဒီမိုကရေစီစနစ်မျိုးမဟုတ်။ အာဏာသုံးရပ်ကို ပိုင်းခြားအပ်နှင်းပြီးမှ အထက်၊ အောက် ခွဲဝေကျင့်သုံးစေတဲ့ စနစ်ဖြစ်။ နိုင်ငံအကြီးအကဲ(သမ္မတ)က အုပ်ချုပ်ရေးအာဏာကို တာဝန်ယူ ကိုင်တွယ်ကျင့်သုံးမယ်၊ လွှတ်တော်များက ဥပဒေပြုအာဏာကို တာဝန်ယူကိုင်တွယ် ကျင့်သုံးကြမယ်၊ ပြည်ထောင်စုတရားရုံးက တရားစီရင်ရေးအာဏာကို တာဝန်ယူကိုင်တွယ် ကျင့်သုံးကြမယ်၊ အာဏာသုံးရပ်ကို သုံးဦးသုံးဖလှယ် (သုံးဌာန၊ သုံးစု၊ သုံးဖွဲ့)ပိုင်းခြားခွဲဝေအပ်နှင်းလိုက်ပေမယ့် ထင်ရာမစိုးနိုင်အောင် အပြန်အလှန် ထိန်းကျောင်းပေးမယ့် စည်းကမ်းတွေလည်း ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပါရှိရပါမယ်။ ကမ္ဘာမှာ အာဏာကို ပိုင်းခြားကျင့်သုံးတဲ့ နိုင်ငံများဟာ တည်ငြိမ်တယ်၊ အဲဒီနိုင်ငံရဲ့ အခြေခံဥပဒေဟာ အစွန့်ရှည်တည်တံ့တယ်ဆိုတာလဲ အထင်အရှား တွေ့နေရပါတယ်။

လွန်ခဲ့တဲ့နှစ်ပေါင်း ၂၆၀၀ ကျော်က ကမ္ဘာမှာ ဒီမိုကရေစီစတင် အကောင်အထည်ဖော် ကျင့်သုံးခဲ့ကြဖူးတဲ့သမိုင်း ရှိပါတယ်။ ခရစ်တော်မတိုင်မီ (BC) နှစ် ၆၀၀ လောက်ကပါ။ ရောမမြို့ပြနိုင်ငံ၊ စပါတာ မြို့ပြနိုင်ငံ၊ အေသင်မြို့ပြနိုင်ငံတွေမှာ ဒီမိုကရားတော့စ် (Demokratos) ဆိုတဲ့ ဒီမိုကရေစီပုံစံ ကျင့်သုံးခဲ့ကြတာပါ။ ဒီမို(Demo) ဆိုတာကတော့ အများပြည်သူ၊ ကရားတော့စ် (Kratos– အချို့က Kratia) ဆိုတာက စီမံဆောင်ရွက်တာပါ။ ပဒေသရာဇ်၊ ဧကရာဇ်၊ ကျေးပိုင် ကျွန်ပိုင်၊ သက်ဦးဆံပိုင် ဘုရင်စနစ်ကို အစားထိုးကြည့်ခဲ့ကြတာပါ။

အေသင်မြို့ပြနိုင်ငံမှာ အဲဒီခေတ်က လူဦးရေသုံးသိန်းလောက်ရှိပါတယ်။ တစ်သိန်းလောက်က ကျေးကျွန်ဘဝသွတ်သွင်းခံနေရလို့ လူဖြစ်ရှုံးနေတဲ့ သူတွေပါ။ (သူတို့ဟာ ဒီမိုကရေစီ စက်ဝိုင်းကြီးထဲမှာ ပါဝင်ခွင့်မရခဲ့ပါ)။ ငါးသောင်းလောက်ကတော့ ရေခြားမြေခြားတိုင်းတစ်ပါးက လာရောက်စီးပွားရှာ၊ အလုပ်လုပ်တဲ့ ဧည့်နိုင်ငံသား (ဒီနေ့ခေတ် အသုံးအနှုန်းအရ အမျိုးသားမှတ်ပုံတင် မကိုင်နိုင်တဲ့ နိုင်ငံခြားသား မှတ်ပုံတင်ရ FRC တွေပါ၊ ဧည့်နိုင်ငံသားတွေဆိုပါစို့)တွေလည်း ဒီမိုကရေစီ ကျင့်သုံးခွင့် မရှိကြပါဘူး။

အဲဒီတော့ မြို့ပြနိုင်ငံသား စစ်စစ် တစ်သိန်းခွဲလောက်သာ ဒီမိုကရားတော့စ်နဲ့ အကျုံးဝင်ပါတယ်။ ဒါတောင် အမျိုးသမီးတွေ ပါဝင်ဆောင်ရွက်ခွင့်၊ စည်းဝေးဆွေးနွေးဆုံးဖြတ်ရာမှာ ပါဝင်ခွင့်မရကြပါဘူး။ အသက် ၂၀ ပြည့်လို့ ၂၁နှစ်ထဲရောက်နေတဲ့ အမျိုးသား (ဦးရေအားဖြင့် လေးသောင်းလောက်) တွေသာ တစ်နှစ် ၁၀ကြိမ် ကျင်းပတဲ့ ဒီမိုကရေစီ လူထုအစည်းအဝေးကြီး (ပြည်သူ့လွှတ်တော်ဆိုပါစို့) တက်ခွင့်ရကြပါတယ်။ အဲဒီ အစည်းအဝေးတွေမှာ အုပ်ချုပ်ရေး၊ ကာကွယ်ရေး၊ တရားစီရင်ရေးတွေ ဆွေးနွေးဆုံးဖြတ်ကြပါတယ်။ အကောင်အထည်ဖော်ရမယ့် ကိုယ်စားလှယ်ကောင်စီ၊ ကော်မတီတွေ ဖွဲ့ပေးကြပါတယ်။

အဲဒီခေတ်က သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွေ မဖွံ့ဖြိုးသေးတော့ မြစ်ချောင်းရှိရင် လှေနဲ့၊ ကုန်းလမ်းမှာ မြင်းစီး၊ ကုလားအုတ်စီး၊ ခြေကျင်လျှောက်ကြရတဲ့ခေတ်ပါ။ ဒါကြောင့် ဒီမိုကရေစီ လူထုအစည်းအဝေးကြီးကို တက်ခွင့်ရှိသူ လေးသောင်းကျော်လုံး မတက်နိုင်ခဲ့ကြပါဘူး။ စိုက်ရေးပျိုးရေးလုပ်ငန်းကလည်းရှိ၊ ကျန်းမာရေးမကောင်းသူတွေလည်းရှိလို့ မတက်ကြပါဘူး။ ဒီလိုနဲ့ လူထုအစည်းအဝေးကြီးတွေမှာ လူခြောက်ထောင်တက်ရင် အစည်းအဝေး အထမြောက်တယ်လို့ သတ်မှတ်ခဲ့ကြရတယ်။ အဲဒီခြောက်ထောင်လောက်ထဲက တစ်ဝက်ကျော်ရုံ(သုံးထောင်ကျော်ရုံ)က ထောက်ခံတဲ့ မူတွေဟာ ဆုံးဖြတ်ချက် ဖြစ်လာပါတယ်။ ဘာပဲဖြစ်ဖြစ် ပြည်သူတွေ တိုက်ရိုက်ပါဝင်ခွင့်ရတဲ့ စီမံအုပ်ချုပ်မှုစနစ်ကို သမိုင်းမှာ စတင်ခဲ့တာလို့ ဆိုရမှာ ဖြစ်ပါတယ်။

အဲဒီ တိုက်ရိုက်ဒီမိုကရေစီကျင့်သုံးနေတဲ့ မြို့ပြနိုင်ငံတွေမှာ ရိုးသား၊ ဆင်းရဲတဲ့ ပြည်သူတွေနဲ့ လူရတတ် လူရည်လည် ကြေးရတတ် ကုန်သည်ပွဲစားတွေဟာ လူတန်းစားလက္ခဏာချင်း မညီမျှကြလို့ ဝိရောဓိပဋိပက္ခတွေ ဖြစ်ကြပြီး နောက်ပိုင်းမှာ တိုက်ရိုက် ဒီမိုကရေစီ ချုပ်ငြိမ်းသွားခဲ့ရပါတယ်။ ဝမ်းနည်းစရာ၊ စိတ်မကောင်းစရာပါပဲ။

အဲဒီနောက်တော့ ပဒေသရာဇ်၊ ဧကရာဇ် ဘုရင်စနစ်၊ မြေယာများကို အလုံးအရင်းနဲ့ပိုင်တဲ့ မြေရှင်တွေ မင်းမူတဲ့ မြေရှင်ပဒေသရာဇ်ခေတ်၊ လက်မှုကုန်ထုတ်ရာက စက်မှုကုန်ထုတ်လုပ်မှု အဆင့်ဆင့်တက်လှမ်းနိုင်တဲ့အတွက် ငွေကြေးအရင်းအနှီးနဲ့ ကုန်ထုတ်ကိရိယာ (စက်ရုံအလုပ်ရုံ) အများအပြားပိုင်တဲ့ အရင်းရှင်ခေတ်တွေကို အဆင့်ဆင့် ကူးပြောင်း ရောက်ရှိခဲ့ပါတယ်။ မြေရှင်ပဒေသရာဇ်ခေတ်တုန်းက မြေရှင်လူနည်းစုရဲ့ လက်အောက်မှာ ပြည်သူ လူများစုကြီးဟာ မြေကျွန်တွေဖြစ်လာခဲ့ကြရသလို အရင်းရှင်(နေရှင်)ခေတ်မှာလည်း လူများစုကြီးဟာ အရင်းရှင်တွေရဲ့ လုပ်အားကျွန်တွေ ဖြစ်လာခဲ့ရတာပါပဲ။

မြေရှင်ပဒေသရာဇ်စနစ်နဲ့ အရင်းရှင်စနစ်ရဲ့ အကူးအပြောင်း စပ်ကူးမပ်ကူးကာလမှာ အရင်းရှင်တွေကို ပဒေသရာဇ်တွေက ချိုးနှိမ်ဖိနှိပ်၊ အရင်းရှင်(ဘူဇွာ)တွေက ဆန့်ကျင်တွန်းလှန်ပြီး ဘုရင့်ဆီက အာဏာတွေ လုယူတဲ့ ဘူဇွာတော်လှန်ရေးတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ အင်္ဂလန်(ဗြိတိန်)မှာ ပထမမြောက်ချားလ်စ်ဘုရင် လက်ထက်ကတည်းက ကရွမ်းဝဲလ်ခေါင်းဆောင်တဲ့ ဘူဇွာတွေရဲ့ အာဏာလုပွဲ ဖြစ်ပွားခဲ့ပါတယ်။ နောက်ဆုံးတော့ ဘုရင်တွေဘက်က အလျှော့ပေးပြီး ဘုရင်က ဘာကင်ဟန်နန်းတော်မှာပဲ ရိက္ခာတော်ခံစားစံစားပြီး အဆောင်အယောင်နဲ့နေ၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး အာဏာရပ်တွေ ချုပ်ကိုင်ခွင့်ကိုတော့ ပါလီမန်(လွှတ်တော်)တွေက ရရှိလာခဲ့ပါတယ်။

ဗြိတိသျှပါလီမန်မှာ အောက်လွှတ်တော်ကတော့ မဲဆန္ဒနယ်အလိုက် လူထုက မဲပေးရွေးတဲ့ အမတ်တွေပါဝင်ပြီး အထက်လွှတ်တော် (House of Lords)မှာ ဘုရင်ခန့်အပ်တာဝန်ပေးတဲ့ မှူးမတ်တွေ၊ ဘာသာရေး ဂိုဏ်းချုပ်ဂိုဏ်းအုပ်တွေ၊ ပရီဗီကောင်စီ(ဘုရင့်အကြံပေးအဖွဲ့)က တရားသူကြီးတွေ ပါဝင်ပါတယ်။ အောက်လွှတ်တော် အမတ်တွေကို လူထုက မဲပေးရွေးလို့ ဒီမိုကရေစီပုံစံလို့ ခေါ်နိုင်ပေမယ့် အထက်လွှတ်တော် အမတ်တွေကခန့်တဲ့ စနစ်ဖြစ်နေလို့ ဒီမိုကရေစီစပ်ကြား၊ ဒီမိုကရေစီ ဖားတစ်ပိုင်း ငါးတစ်ပိုင်းလို့ ဆိုကြပါတယ်။

အောက်လွှတ်တော်အမတ်နေရာတွေကိုလည်း ရွေးကောက်ပွဲမဲဆွယ်စရိတ် တနင့်တပိုးသုံးနိုင်တဲ့ အရင်းရှင်တွေသာ အရွေးခံကြရလေ့ရှိပါတယ်။ ဒါ့ကြောင့်လည်း အရင်းရှင်(နေရှင်) ပါလီမန် ဒီမိုကရေစီလို့ သမုတ်ကြတာပါ။ ဘုရင်နဲ့ လူထုက ကိုယ်စားလှယ်ရွေးလွှတ်တဲ့ ဒီမိုကရေစီပါလီမန်စနစ်ကို စည်းမျဉ်းခံဘုရင်စနစ် (Constitutional Monarchy)လို့ ခေါ်ကြပါတယ်။ ရှေးကလို လူဦးရေကသောင်း၊ သိန်းဂဏန်း မဟုတ်တော့ဘဲ နိုင်ငံတွေမှာ လူဦးရေသန်းဂဏန်း၊ ကုဋေ ဂဏန်း ခေတ်ရောက်လာလို့ တိုက်ရိုက်ဒီမိုကရေစီ ကျင့်သုံးလို့ မဖြစ် နိုင်တော့ပါ။ တရုတ်ပြည်ဆိုရင် ဒီနေ့လူဦးရေသန်းပေါင်း ၁၃၀၀၊ အိန္ဒိယဆိုရင် သန်းပေါင်း ၁၁၀၀ လောက်ရှိနေပြီ။ ခေတ်ကလည်း အသက် ၁၈ နှစ်ပြည့်ရင် မဲပေးခွင့်(ဒီမိုကရေစီလက်တွေ့ ကျင့်သုံးခွင့်) ပေးထားကြပြီး အမျိုးသမီးများကိုလည်း တန်းတူအခွင့်အရေး ပေးထား ကြပြီ။ ဒါ့ကြောင့် တိုက်ရိုက်ဒီမိုကရေစီ လူထုအစည်းအဝေးကြီး တွေ ဘယ်လိုမှ မကျင်းပနိုင်တော့ပါဘူး။ ဒါ့ကြောင့် ကိုယ်စားပြု ဒီမိုကရေစီ (သွယ်ဝိုက်ဒီမိုကရေစီ)ခေတ် ရောက်လာရတာ သဘာဝ ကျပါတယ်။

အင်္ဂလန်မှာ ၁၇၊ ၁၈ ရာစုနှစ်တွေမှာ အရင်းရှင်(စက်မှုကုန်ထုတ်)လုပ်ငန်းက တွင်ကျယ်အားကောင်းလာတယ်။ အရင်းရှင်ကြီးတွေက လုပ်ငန်းငယ်တွေကို ငွေနဲ့ပေါက်ပြီး လက်ဝါးကြီးအုပ်လာတဲ့အတွက် လက်ဝါးကြီးအုပ် အရင်းရှင်အဆင့်၊ စီးပွားရေး(ကုန်ထုတ်၊ ကုန်သွယ်၊ ဝန်ဆောင်မှု) လုပ်ငန်းတွေကို ဘဏ်များက ငွေကြေးတွေ ထည့်ဝင်တိုးချဲ့လာတဲ့ ဘဏ္ဍာအရင်းရှင်အဆင့် ရောက်လာတဲ့အခါ မိမိနိုင်ငံမှာ စက်ရုံတွေကပေါပြီး စက်ရုံလည်ပတ်ဖို့ လောင်စာစွမ်းအင်၊ စက်ကကုန်ချောထုတ်ဖို့ ကြိတ်ဝါးကျိုချက်ပုံလောင်းရမယ့် စက်မှုကုန်ကြမ်းတွေ မပြည့်စုံတဲ့အခါ အရင်းရှင်တွေ နယ်ချဲ့ကြတော့တာပါပဲ။ ရိုးသားအေးဆေးစွာ နေထိုင်ကြတဲ့ ကမ္ဘာ့နိုင်ငံတွေကို လက်နက်အားကိုးနဲ့ ကျူးကျော်တိုက်ခိုက် သိမ်းပိုက် ကျွန်ပြုခဲ့ကြတာပါပဲ။ ဗြိတိန် (အင်္ဂလန်)၊ ပြင်သစ်၊ ဒတ်(ချ်)၊ ပေါ်တူဂီ၊ စပိန်၊ ဘယ်လ်ဂျီယံ (နောက်တိုး အမေရိကန်အပါအဝင်) အရင်းရှင် နယ်ချဲ့နိုင်ငံကြီး ဒါဇင်ဝက်လောက်က ကမ္ဘာမြေပြင်ရဲ့ ၇၇ ရာခိုင်နှုန်းကို သိမ်းပိုက်ကျွန်ပြုခဲ့ကြတော့တာပါပဲ။ **အရင်းရှင်(စက်မှု)နိုင်ငံကြီးတွေဟာ မိမိတို့လိုအပ်တဲ့ လောင်စာစွမ်းအင်၊ ကုန်ကြမ်း၊ ကုန်ချောဝယ်မယ့် ဖောက်သည်၊ ဈေးကွက်၊ လုပ်အားခ ချိုချိုချောင်ချောင် ပေးခိုင်းနိုင်မယ့်လုပ်သား၊ စုပုံလာတဲ့အမြတ်ငွေတွေနဲ့ ပြန်လည်ရင်းနှီးမြှုပ်နှံရမယ့် စီးပွားရေး အကွက်အကွင်း၊ စားကျက်စားကျင်းတွေကို သင့်မြတ်လျော်ကန်တဲ့တန်ဖိုး ပေးဝယ်ယူကြမယ့်အစား ခြောက်ပြားတစ်ပဲတောင် မပေးရဘဲ အလကားရလိုကြတဲ့အတွက် ကိုလိုနီနယ်ချဲ့(ကျွန်ပြု)စနစ် ကျင့်သုံးခဲ့ကြတာပါ။**

ဒီမိုကရေစီပါလီမန်လို့ ကြွေးကြော်နေခဲ့တဲ့ ဗြိတိသျှအရင်းရှင်ပါလီမန်က သူတို့နိုင်ငံက အရင်းရှင်တွေ၊ အရင်းရှင်ခါးပိုက်ဆောင်တပ်တွေကို “ဘယ်နိုင်ငံကို ကျွန်ပြုလိုက်တော့၊ အပြီးသိမ်းလိုက်တော့”လို့ ဆုံးဖြတ်(အမိန့်ပေး)တော့တာပါပဲ။ နယ်ချဲ့အရင်းရှင်တွေအတွက်တော့ ဗြိတိသျှပါလီမန် ယန္တရားဟာ တကယ့်ကို ဒီမိုကရေစီ အာဏာပိုင်ယန္တရားကြီးပါပဲ။ လွတ်လွတ်လပ်လပ် ကုန်သွယ်ခွင့်၊ နယ်ချဲ့ခွင့်၊ ကိုလိုနီနိုင်ငံတွေကို သွေးစုပ်ခြယ်လှယ်ခွင့် ပေးခဲ့တာပါပဲ။ သို့သော်လည်း ဗြိတိသျှပါလီမန် ဒီမိုကရေစီခေါ်ခေါ်၊ ဝက်စ်မင်စတာ ဒီမိုကရေစီခေါ်ခေါ် အရင်းရှင်ဒီမိုကရေစီက ကမ္ဘာ့လူသား ၇၅ ရာခိုင်နှုန်းကို သွေးအလူးလူးနဲ့ နိုင့်ထက်စီးနင်း ကျွန်ပြုခဲ့တာပါပဲ။ ကျွန်ပြုခံနိုင်ငံတွေမှာ ကြံကြိတ်ဖတ်တွေလို မွဲငတ်စုတ်ပြတ် ကျိုးကြေပြီး ကျန်ရစ်တာပါပဲ။

လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးလေးရာက
လူဖြူတွေဟာ မြောက်အမေရိကတိုက်
လူနီတွေရဲ့မြေပေါ် ကျူးကျော်အခြေ
ထူထောင်ခဲ့ကြတယ်။ နယ်ပယ်သစ် ၁
သူတို့ကိုလိုက်ပြီး အုပ်ချုပ်နေတဲ့ ဗြိတိ
ကြတယ်။ ဒီလိုနဲ့ ၁၇၇၆ ခုနှစ် ဇူလိုင်
ပြည်ထောင်စု တည်ထောင်ပြီး လွတ်
ဥရောပနယ်ချဲ့ အရင်းရှင်နိုင်ငံသား
အမေရိကန်နိုင်ငံဟာ စစ်ပွဲစနစ်ကျင့်
နောက်ဆုံးတော့ ပြည်နယ် ၅၀ အ
သမုဒ္ဒရာတွေထဲက ကျွန်းတွေဆိုရင်
ဗြိတိန်၊ ဩစတြေးလျ၊ နယူးဇီလန်တို့
အမေရိကန်ပြည်ထောင်စု အပါ
စက်မှုအရင်းရှင် နိုင်ငံတွေမှာ နည်းပ
တိုးတက်မြင့်မားလာကြတယ်။ ဒီနေ့
စက်တွေ လည်ပတ်နိုင်တဲ့၊ ကွန်ပျူတာ
တွေ ဖြစ်လာကြပါပြီ။
သို့သော် သူတို့နည်းပညာ ဘယ်
ကိရိယာ၊ ခလုတ်တွေ ဘယ်လောက်
မပြည့်စုံတဲ့လောင်စာ (ကျောက်မီးသွေး၊
ကုန်ကြမ်းပစ္စည်း (ဘော်၊ သွပ်၊ သံ၊
ဓာတုပစ္စည်း)တွေကို ခလုတ်နှိပ်ပြီးမဖန်
ကုလသမဂ္ဂက ဖျက်သိမ်းပစ်ခဲ့တဲ့ (က
တိုက်၊ သိမ်း၊ ကျွန်ပြု၊ သွေးစုပ်၊ အပို
ကိုလိုနီပုံစံသစ် (Neocolonialism) နဲ့
တွေ လုပ်လာနေကြပါတယ်။ ကုန်ကြမ်း
ပေးမဝယ်ချင်ကြသေးပါဘူး၊ ကုန်ချော
ရောင်းချခြင်း မပြုလိုကြသေးပါဘူး၊
နယ်ချဲ့လက်သစ်တို့ရဲ့ အကြောင်းပြချက်
စွက်ဖက်ကျူးကျော်တဲ့ သွယ်ဝိုက် နယ်ချဲ့
ကျင့်မှုတွေ၊ ကုန်သွယ်ရေးစစ်ပွဲတွေ
မပြတ်တွေ့နေမြင်နေ၊ ကြားသိနေရဝ
ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ကိုလ
ကမ္ဘာ့လူသားအားလုံး (ကျွန်ပြုမခံရ
လူ့အခွင့်အရေးရရှိဖို့ ကမ္ဘာ့လူ့အခွင့်
ထုတ်ပြန်ခဲ့တယ်။ ကုလသမဂ္ဂ ပဋိညာဉ်
လိုက်နာပါမယ်လို့ ပဋိညာဉ်ခံ လက်မှ
နိုင်ငံအားလုံးတန်းတူခွင့်၊ လွတ်လပ်
ကင်းရှင်းခွင့်၊ စစ်အနိဋ္ဌာရုံ ကင်းဝေ
တိုးတက်ခွင့်တွေ ပြဋ္ဌာန်းပေးထားခဲ့ပါ
နိုင်ငံအများစုရဲ့ လွတ်လပ်ခွင့် (အ
ကရေစီပိုင်ခွင့်၊ အခြေခံလူ့အခွင့်အ
ကျွန်ပြုသွေးစုပ်ခဲ့တဲ့ ကမ္ဘာကျော် ဝါရင့်န
တော့ ဒီမိုကရေစီလူ့အခွင့်အရေး၊ လွတ်
ရှေ့တန်းတင် ဗန်းပြပြီး လောင်စာ
ဈေးကွက်ရဖို့ စွက်ဖက်၊ ဖြိုခွဲ၊ ကျူး
တွေ တန်းစီလုပ်နေတာ နေ့စဉ်ညစဉ်
မျက်စိမဆုံးအောင် တွေ့နေကြရပါတ
သဘာဝနိယာမတရား၊ လောကနိ
ဟာ လွတ်လပ်ကြရပါမယ်။ မိမိတို့ က
ငြိမ်းချမ်း သာယာဝပြောတဲ့ ကိုယ်စီ
ပါမယ်။ ကမ္ဘာ့သမိုင်းဦးကာလမှာ လူ
ဦးတည်သွားလာပြီး အတည်တကျမနေ
အခြေချနေလာကြတယ်၊ အိုးအိမ်တဲ
နိုင်ငံတွေ ထူထောင်လာကြပါတယ်
နှစ်ရာကျော်ရှိနေပါပြီ။ အဲဒီနိုင်ငံတွေမ
ဖြစ်စေ၊ ကျယ်သည်ဖြစ်စေ) ကိုယ်စီနဲ့

သို့ . . .

တက္ကသိုလ်မြတ်သူ

လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးလေးရာက ဗြိတိန်အပါအဝင် ဥရောပမှ လူဖြူတွေဟာ မြောက်အမေရိကတိုက်မှ ဒေသခံ ရက်ဒ်အင်ဒီးယန်း လူနီတွေရဲ့မြေပေါ် ကျူးကျော်အခြေချပြီး ကိုလိုနီ(နယ်ပယ်သစ်) ထူထောင်ခဲ့ကြတယ်။ နယ်ပယ်သစ် ၁၃ ခုအထိ ဖြစ်တည်လာတဲ့အခါ သူတို့ကိုလိုက်ပြီး အုပ်ချုပ်နေတဲ့ ဗြိတိသျှအစိုးရကို တော်လှန်ပုန်ကန်ကြတယ်။ ဒီလိုနဲ့ ၁၇၇၆ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့မှာ အမေရိကန် ပြည်ထောင်စု တည်ထောင်ပြီး လွတ်လပ်ရေးကြေညာခဲ့ကြပါတယ်။ ဥရောပနယ်ချဲ့ အရင်းရှင်နိုင်ငံသား လူဖြူတွေ စတင်ထူထောင်ခဲ့တဲ့ အမေရိကန်နိုင်ငံဟာ စစ်ပွဲစနစ်ကျင့်သုံးပြီး နယ်ချဲ့လာခဲ့လိုက်တာ နောက်ဆုံးတော့ ပြည်နယ် ၅၀ အထိ ရှိလာခဲ့ပါတယ်။ ပင်လယ် သမုဒ္ဒရာတွေထဲက ကျွန်းတွေဆိုရင်လည်း အမေရိကန်၊ ပြင်သစ်၊ ဗြိတိန်၊ ဩစတြေးလျ၊ နယူးဇီလန်တို့ ဝေယူထားကြတာပါပဲ။

အမေရိကန်ပြည်ထောင်စု အပါအဝင် ယခင်နယ်ချဲ့(ဥရောပ) စက်မှုအရင်းရှင် နိုင်ငံတွေမှာ နည်းပညာတွေ အံ့သြလောက်အောင် တိုးတက်မြင့်မားလာကြတယ်။ ဒီနေ့အချိန်အခါမှာ ခလုတ်နှိပ်ရုံနဲ့ စက်တွေ လည်ပတ်နိုင်တဲ့၊ ကွန်ပျူတာထိန်းချုပ်မောင်းနှင်နိုင်တဲ့ စက်ရုံတွေ ဖြစ်လာကြပါပြီ။

သို့သော် သူတို့နည်းပညာ ဘယ်လောက်မြင့်မြင့်၊ စက်ပစ္စည်း ကိရိယာ၊ ခလုတ်တွေ ဘယ်လောက်ကောင်းကောင်း၊ သူတို့ဆီမှာ မပြည့်စုံတဲ့လောင်စာ (ကျောက်မီးသွေး၊ ရေနံ၊ သဘာဝဓာတ်ငွေ့စသည်)၊ ကုန်ကြမ်းပစ္စည်း (ဘော်၊ သွပ်၊ သံ၊ ကြေး၊ ကြေးနီ စတဲ့ သယံဇာတ ဓာတုပစ္စည်း)တွေကို ခလုတ်နှိပ်ပြီးမဖန်ဆင်းနိုင်ကြသေးပါဘူး။ ဒါ့ကြောင့် ကုလသမဂ္ဂက ဖျက်သိမ်းပစ်ခဲ့တဲ့ (ကမ္ဘာကလည်း လုံးဝလက်မခံတဲ့) တိုက်၊ သိမ်း၊ ကျွန်ပြု၊ သွေးစုပ်၊ အပိုင်စိုးမိုးတဲ့ ကိုလိုနီပုံစံဟောင်းကို ကိုလိုနီပုံစံသစ် (Neocolonialism) နဲ့ အစားထိုးပြီး နယ်ချဲ့လုယက်မှုတွေ လုပ်လာနေကြပါတယ်။ ကုန်ကြမ်းနဲ့ လောင်စာကို တန်ရာတန်ကြေး ပေးမဝယ်ချင်ကြသေးပါဘူး၊ ကုန်ချောတွေကို ရိုးရိုးသားသား ယှဉ်ပြိုင်ရောင်းချခြင်း မပြုလိုကြသေးပါဘူး၊ ဒါ့ကြောင့် ဒီနေ့ ကမ္ဘာမှာ နယ်ချဲ့လက်သစ်တို့ရဲ့ အကြောင်းပြချက် အမျိုးမျိုးနဲ့ လီဆယ်ဖန်တီးကာ စွက်ဖက်ကျူးကျော်တဲ့ သွယ်ဝိုက် နယ်ချဲ့လုပ်ရပ်တွေ၊ ကုန်သွယ်ရေးအနိုင်ကျင့်မှုတွေ၊ ကုန်သွယ်ရေးစစ်ပွဲတွေ ထောင်းလမောင်းထနေတာကို မပြတ်တွေ့နေမြင်နေ၊ ကြားသိနေရတာ ဖြစ်ပါတယ်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ကိုလိုနီစနစ်ကို ဖျက်သိမ်းပေးခဲ့တယ်။ ကမ္ဘာ့လူသားအားလုံး (ကျွန်ပြုမခံရဘဲ) လွတ်လပ်မှုတည်းဟူသော လူ့အခွင့်အရေးရရှိဖို့ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကြီးကို ထုတ်ပြန်ခဲ့တယ်။ ကုလသမဂ္ဂ ပဋိညာဉ်စာချုပ်ကြီး(အဖွဲ့ဝင်နိုင်ငံတိုင်းက လိုက်နာပါမယ်လို့ ပဋိညာဉ်ခံ လက်မှတ်ထိုးထားရတဲ့ စာချုပ်ကြီး)မှာ နိုင်ငံအားလုံးတန်းတူခွင့်၊ လွတ်လပ်ခွင့်၊ စွက်ဖက်ကျူးကျော်မှုများ ကင်းရှင်းခွင့်၊ စစ်အနိဋ္ဌာရုံ ကင်းဝေးခွင့်၊ လုံခြုံငြိမ်းချမ်းပြီး ဖွံ့ဖြိုးတိုးတက်ခွင့်တွေ ပြဋ္ဌာန်းပေးထားခဲ့ပါတယ်။ ဒါပေမယ့် တစ်ချိန်က နိုင်ငံအများစုရဲ့ လွတ်လပ်ခွင့် (အချုပ်အခြာအာဏာပိုင်ခွင့်)၊ ဒီမိုကရေစီပိုင်ခွင့်၊ အခြေခံလူ့အခွင့်အရေးပိုင်ခွင့်တွေကို ချိုးဖောက်ပြီး ကျွန်ပြုသွေးစုပ်ခဲ့တဲ့ ကမ္ဘာကျော် ဝါရင့်နယ်ချဲ့နိုင်ငံကြီးတွေက ဒီကနေ့မှာတော့ ဒီမိုကရေစီလူ့အခွင့်အရေး၊ လွတ်လပ်ခွင့်ဆိုတဲ့ ကြွေးကြော်သံတွေ ရှေ့တန်းတင် ဗန်းပြပြီး လောင်စာရဖို့၊ ကုန်ကြမ်းရဖို့၊ ကုန်ချော ဈေးကွက်ရဖို့ စွက်ဖက်၊ ဖြိုခွဲ၊ ကျူးကျော်၊ သိမ်းပိုက်တဲ့ နယ်ချဲ့စစ်ပွဲတွေ တန်းစီလုပ်နေတာ နေ့စဉ်ညစဉ် ကမ္ဘာ့သတင်းတွေမှာ နားမဆံ့၊ မျက်စိမဆံ့အောင် တွေ့နေကြရပါတယ်။

သဘာဝနိယာမတရား၊ လောကနိယာမတရားအရ လူသားအားလုံးဟာ လွတ်လပ်ကြရပါမယ်။ မိမိတို့ ကံကြမ္မာ မိမိတို့ဖန်တီးပြီး လုံခြုံငြိမ်းချမ်း သာယာဝပြောတဲ့ ကိုယ်စီဘဝများ ထူထောင်ယူခွင့်ရှိကြရပါမယ်။ ကမ္ဘာ့သမိုင်းဦးကာလမှာ လူတွေဟာ ရေကြည်ရာ မြက်နုရာ ဦးတည်သွားလာပြီး အတည်တကျမနေခဲ့ကြပါဘူး။ နောက်တဖြည်းဖြည်း အခြေချနေလာကြတယ်၊ အိုးအိမ်တဲစုတွေ၊ ကျေးရွာတွေကတစ်ဆင့် နိုင်ငံတွေ ထူထောင်လာကြပါတယ်။ ဒီကနေ့ဆိုရင် ကမ္ဘာ့နိုင်ငံ နှစ်ရာကျော်ရှိနေပါပြီ။ အဲဒီနိုင်ငံတွေမှာ နိုင်ငံနယ်နိမိတ် (ကျဉ်းသည်ဖြစ်စေ၊ ကျယ်သည်ဖြစ်စေ) ကိုယ်စီနဲ့ ပိုင်နက်နယ်မြေ အသီးသီးရှိနေကြပါပြီ။ နိုင်ငံသားလူဦးရေ (နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ) ရှိနေကြပါပြီ။ ကိုယ့်နိုင်ငံကို ကောင်းအောင်၊ လုံခြုံအေးချမ်းအောင်၊ သာယာဝပြောအောင် ပြည်သူတွေကိုယ်စား စီမံဆောင်ရွက်မယ့်အစိုးရတွေ ဖွဲ့ထားကြပါပြီ။ အဲဒီနိုင်ငံတွေမှာ ကိုယ့်နိုင်ငံကောင်းကျိုး လွတ်လပ်စွာ ဖော်ဆောင်ခွင့်ဆိုတဲ့ အချုပ်အခြာအာဏာ ပိုင်ဆိုင်မှု (လွတ်လပ်ရေး)လည်း ရှိနေကြပါပြီ။

အဲဒီလို အင်္ဂါရပ်တွေနဲ့ ပြည့်စုံတဲ့ နိုင်ငံတွေဟာ နိုင်ငံဥပဓိရုပ် ပြည့်စုံတဲ့ (တန်းဝင်ဂုဏ်ဝင်၊ တရားဝင်)နိုင်ငံ ဖြစ်လာပါတယ်။ (သူ့ကျွန်ဘဝရောက်နေတဲ့နိုင်ငံမှာ အဲဒီအခွင့်အလမ်းအားလုံးကို အဲဒီပြည်သူတွေလက်ထဲမှာ မရှိ၊ နယ်ချဲ့ကျူးကျော်သိမ်းပိုက်သူတွေရဲ့ လက်ထဲရောက်နေမှာပါပဲ)။ ဒုတိယကမ္ဘာစစ်ပွဲကြီးအပြီး နိုင်ငံတစ်ရာကျော် လွတ်လပ်ရေးပြန်ရလာကြပါတယ်။ လွတ်လပ်တဲ့ နိုင်ငံတစ်ခုကို ဘယ်လိုပုံစံနဲ့ တည်ဆောက်မလဲဆိုတာ အဲဒီနိုင်ငံက လွတ်လပ်တဲ့ ပြည်သူတွေက လွတ်လွတ်လပ်လပ် စဉ်းစားရွေးချယ်၊ ဆုံးဖြတ်၊ အကောင်အထည်ဖော်ကြရပါတယ်။ လွတ်လပ်စွာ လုပ်ကိုင်ခွင့် ဆိုတာဟာ အချုပ်အခြာအာဏာ ပိုင်စိုးမှုကို ဆိုလိုတာပါပဲ။ အချုပ်အခြာအာဏာ (Sovereignty)ကို ကျင့်သုံးတဲ့အခါ နိုင်ငံတော်အာဏာ (State Power) သုံးရပ်ဖြစ်ပေါ်လာပါတယ်။ (၁) ဥပဒေပြုရေးအာဏာ (Legislative Power)၊ (၂) အုပ်ချုပ်ရေးအာဏာ (Administrative Power)၊ (၃) တရားစီရင်ရေးအာဏာ (Judicial Power)တို့ ဖြစ်ပါတယ်။

ဒီနေ့ခေတ်မှာ ပြည်သူတွေပိုင်ဆိုင်တဲ့ အချုပ်အခြာအာဏာကို ပြည်သူတွေ အကျိုးစီးပွားသန့်သန့် ရေးရှုပြီး ပြည်သူ့ကိုယ်စား ဆောင်ရွက်ပေးမယ့် ပြည်သူ့ကိုယ်စားလှယ်တွေကို ပြည်သူတွေက ရွေးကောက်တင်မြှောက်တာဝန်ပေးတဲ့ ကိုယ်စားပြု ဒီမိုကရေစီပုံစံကို ကျင့်သုံးကြပါတယ်။ ပြည်သူက ကိုယ်စားလှယ်(အမတ်)တွေ ရွေးလွှတ်ပြီး ပြည်သူပိုင်အချုပ်အခြာ အာဏာရပ်ကြီးကို အဲဒီ ကိုယ်စားလှယ်တွေလက်ထဲ ထိုးအပ်လို့ဖြစ်မလား။ အချုပ်အခြာအာဏာဟာ ပြည်သူတွေကို သခင်ဖြစ်စေနိုင်တယ်၊ ကျွန်ဖြစ်စေနိုင်တယ်၊ ချမ်းသာကြွယ်ဝစေနိုင်တယ်၊ ဆင်းရဲမွဲတေစေနိုင်တယ်၊ ဘဝမြင့်စေနိုင်တယ်၊ ဘဝပျက်စေနိုင်တယ်။ ဒါ့ကြောင့် ကိုယ်စားလှယ် (အမတ်တွေ၊ အစိုးရအဖွဲ့တွေ၊ နိုင်ငံအကြီးအကဲတွေ)လက်ထဲ "ရော့၊ အင့်-ကြိုက်သလိုသုံး၊ ထင်သလိုလုပ်တော့"ဆိုပြီး အချုပ်အခြာအာဏာကို အကန့်အသတ်မရှိ ထိုးအပ်လို့ မဖြစ်နိုင်ပါဘူး။ အချုပ်အခြာအာဏာကို ကိုယ်စားလှယ် (အမတ်၊ အစိုးရ)တွေလက်ထဲ လွှဲအပ်ပေးတဲ့အခါ စည်းကမ်း၊ ကလနားတွေနဲ့တကွ ပေးအပ်ရပါတယ်။ အချုပ်အခြာ အာဏာကို ပြည်သူတွေကိုယ်စား ကျင့်သုံးမယ့် ပြည်သူ့ကိုယ်စားလှယ်တွေ အနေနဲ့လည်း ပြည်သူက သတ်မှတ်စည်းကမ်းချပေးတဲ့ မူဘောင်အတွင်းကသာ ဆောင်ရွက်လုပ်ကိုင်ကြရပါတယ်။ အဲဒီစည်းကမ်း၊ ကလနား၊ မူဘောင်ဆိုတာတွေကို နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေမှာ အတိအကျ ဖော်ပြထားရပါတယ်။ ဒါ့ကြောင့် အခြေခံဥပဒေဆိုတာဟာ အချုပ်အခြာအာဏာဆိုင်ရာ ပြည်သူတွေချမှတ်တဲ့ အချုပ်အခြာအာဏာ ကျင့်သုံးရေးဆိုင်ရာ စည်းကမ်းချက်စာချုပ်ကြီးပါပဲ။

အခြေခံဥပဒေမှာ နိုင်ငံကို ဘယ်လိုပုံစံနဲ့ တည်ဆောက်မလဲ၊ နိုင်ငံတော်အာဏာသုံးရပ်ကို မည်သူ မည်ဝါ မည်သည့် အစုအဖွဲ့တွေက မည်သို့မည်ပုံကျင့်သုံးရမလဲ၊ နိုင်ငံသား ပြည်သူတွေ ခံစားရရှိမယ့် နိုင်ငံသား အခွင့်အရေးနှင့် တာဝန်က ဘာတွေလဲ စတဲ့မှုတွေပါရှိရပါတယ်။ ပြည်သူ့အတွက် ပြည်သူ့ဆန္ဒကို ထင်ဟပ်တဲ့ အခြေခံဥပဒေကို ပြည်သူတွေထဲက လူထုလူတန်းစားစုံ၊ အလွှာစုံ၊ ဒေသစုံ၊ တိုင်းရင်းသား လူမျိုးစုံ ကိုယ်စားလှယ်တွေက ညှိနှိုင်းမှုချကြရပါတယ်။ ၂၀၀၇ခုနှစ် ဇူလိုင်လ ၁၈ ရက်နေ့မှာ ပြန်လည် ကျင်းပခဲ့တဲ့ အမျိုးသား ညီလာခံကြီးဟာ ပြည်သူ့ကိုယ်စားပြု နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ထွန်းရေးကို အပြီးတိုင် မူချမှတ်ပေးမယ့် ညီလာခံကြီး ဖြစ်ပါတယ်။

နိုင်ငံဖွဲ့စည်း တည်ဆောက်ရာမှာ အစိုးရတစ်ဖွဲ့တည်းက တစ်ပြည်လုံးအုပ်ချုပ်စီမံတဲ့ တစ်ပြည်ထောင်စနစ် (Unitary State System)နဲ့ တိုင်းရင်းသားလူမျိုးစုံတို့ရဲ့ ဒေသ (ပြည်နယ်၊ တိုင်းဒေသ) တို့ဖြင့် စုစည်းတဲ့ ပြည်ထောင်စုစနစ် (Federal State System)တို့ကို ရွေးချယ်တည်ဆောက်ကြပါတယ်။ တိုင်းရင်းသား လူမျိုးတစ်ရာကျော် ရှိတဲ့ မြန်မာနိုင်ငံဟာ သမိုင်းကြောင်းအရ ရေမြေသဘာဝ၊ လူမျိုးစရိုက်သဘာဝ၊ ရိုးရာ ယဉ်ကျေးမှု အစဉ်အလာအရ၊ ပြည်သူတို့၏ ဆန္ဒအရ ပြည်ထောင်စုစနစ်နဲ့ တည်ဆောက်ဖို့ မူချပြီး ဖြစ်ပါတယ်။ ယနေ့ပြည်ထောင်စုအချို့ဖြိုခွဲခံရ၍ ပြိုကွဲနေသည်များကို သင်ခန်းစာ ထုတ်ယူ၊ နိုင်ငံကြီးအချို့က ကိုလိုနီပြုရေး ဦးတည်ချက်နဲ့ ပြည်ထောင်စုများအား လိုက်လံဖြိုခွဲနေသည်ကို သတိပြုဆင်ခြင်ကာ မြန်မာပြည်ထောင်စုကြီး ထာဝရတည်တံ့စေမယ့် အခြေခံမူများကို အမျိုးသားညီလာခံကြီးက တညီတညွတ်တည်းချမှတ်ထားပြီး ဖြစ်ပါတယ်။ ယခင် (၁၉၄၇ နှင့် ၁၉၇၄) အခြေခံဥပဒေများ၌ နိုင်ငံသားအခွင့်အရေးဆိုင်ရာ အခြေခံမူ နှစ်ဆယ်ကျော်မျှသာ ပါဝင်ခဲ့သော်လည်း ယခုကျင်းပဆဲ အမျိုးသားညီလာခံကြီးက နိုင်ငံ၊ နိုင်ငံသားအခွင့်အရေးနှင့် နိုင်ငံသားတာဝန်အခန်းအတွက် အခြေခံမူနှင့် အသေးစိတ်အခြေခံရမည့်မူ ငါးဆယ်တိတိ ပါဝင်ချမှတ်ပြီးလည်း ဖြစ်ပါတယ်။

အခြေခံဥပဒေမှာ နိုင်ငံကို ဘယ်လိုပုံစံနဲ့ တည်ဆောက်မလဲ၊ နိုင်ငံတော်အာဏာသုံးရပ်ကို မည်သူမည်ဝါ မည်သည့်အစုအဖွဲ့တွေက မည်သို့ မည်ပုံ ကျင့်သုံးရမလဲ၊ နိုင်ငံသား ပြည်သူတွေ ခံစားရရှိမယ့် နိုင်ငံသားအခွင့်အရေးနှင့် တာဝန်က ဘာတွေလဲ စတဲ့မှုတွေ ပါရှိရပါတယ်။ ပြည်သူ့အတွက် ပြည်သူ့ဆန္ဒကိုထင်ဟပ်တဲ့ အခြေခံဥပဒေကို ပြည်သူတွေ ထဲက လူထုလူတန်းစားစုံ၊ အလွှာစုံ၊ ဒေသစုံ၊ တိုင်းရင်းသားလူမျိုးစုံ ကိုယ်စားလှယ်တွေက ညှိနှိုင်းမှုချကြရပါတယ်။

ပါလီမန်ဒီမိုကရေစီစနစ်ကျင့်သုံးကြတဲ့ နိုင်ငံတွေ(ဖဆပလခေတ် မြန်မာနိုင်ငံအပါအဝင်)မှာ ရွေးကောက်ပွဲ၌ အမတ်ဦးရေ အများစု (ထက်ဝက်ကျော်)ရတဲ့ ပါတီခေါင်းဆောင်ဟာ အစိုးရအကြီးအကဲနေရာယူ၊ စိတ်ကြိုက် အစိုးရဖွဲ့ပြီး အုပ်ချုပ်ရေးအာဏာကို သူတစ်ဦးတည်းလက်ထဲမှာ ဆုပ်ကိုင်ထားပါတယ်။ လွှတ်တော်မှာလည်း သူ့ပါတီက အမတ်အများစုဖြစ်လို့ သူ့စိတ်ကြိုက် ဥပဒေတွေပြဋ္ဌာန်းနိုင်တဲ့ ဥပဒေပြုခွင့်အာဏာကိုလည်း သူပဲဆုပ်ကိုင်ထားပါတယ်။ တရားသူကြီးတွေကို ဥပဒေပညာရှင်တွေနဲ့ ခန့်အပ်ဖွဲ့စည်းပေးပြီးမှ အစိုးရအဖွဲ့ထဲက သူ့ရဲ့ တရားရေးဝန်ကြီးကတစ်ဆင့် တရားစီရင်ရေးအာဏာကိုပါ သူကိုင်ထားပါတယ်။

အဲဒီစနစ် မကောင်းဘူးလို့ မဆိုလိုပါဘူး။ နိုင်ငံများစွာ (မြန်မာဖဆပလ ခေတ်အပါအဝင်)မှာ နိုင်ငံအာဏာသုံးရပ်ကို တစ်ဦးတည်းက ချုပ်ကိုင်ပြီး မနိုင်မနင်းဖြစ်လာတဲ့အတွက် အစိုးရအဖွဲ့တွေ မကြာခဏ ပြုတ်ကျနေကြရတာတွေ့ရပါတယ်။ တချို့နိုင်ငံတွေမှာ နှစ်ပေါင်း ၆၀ လောက်အတွင်း အစိုးရအဖွဲ့ ၈၀ ကျော် ၉၀ လောက်အထိ ပြောင်းနေရပါတယ်။ ဝါဒစုံ၊ ပါတီစုံ၊ အယူဝါဒစုံ၊ ပယောဂထူပြောတဲ့ ယနေ့ခေတ်ကာလမျိုးမှာ အနိုင်ရ(အာဏာရ) ပါတီခေါင်းဆောင်တစ်ဦးလက်ထဲ အာဏာရောက်သွားရင် မထိန်းနိုင်၊ မသိမ်းနိုင် ဖြစ်တတ်ကြတာကိုလည်း ယနေ့နိုင်ငံတကာသတင်းများမှာ တွေ့ရမှာပါ။

မြန်မာနိုင်ငံအတွက် အကောင်းဆုံးစနစ်ကတော့ အချုပ်အခြာအာဏာ(နိုင်ငံတော် အာဏာသုံးရပ်)ကို တစ်ဦးတည်းလက်ထိုးအပ်တဲ့ ပါလီမန် ဒီမိုကရေစီစနစ်မျိုးမဟုတ်။ အာဏာသုံးရပ်ကို ပိုင်းခြားအပ်နှင်းပြီးမှ အထက်၊ အောက် ခွဲဝေကျင့်သုံးစေတဲ့ စနစ်ဖြစ်ပါတယ်။ နိုင်ငံအကြီးအကဲ (သမ္မတ)က အုပ်ချုပ်ရေးအာဏာကို တာဝန်ယူ ကိုင်တွယ်ကျင့်သုံးမယ်၊ လွှတ်တော်များက ဥပဒေပြုအာဏာကို တာဝန်ယူကိုင်တွယ်ကျင့်သုံးကြမယ်၊ ပြည်ထောင်စုတရားရုံးက တရားစီရင်ရေး အာဏာကို တာဝန်ယူကိုင်တွယ် ကျင့်သုံးကြမယ်၊ အာဏာသုံးရပ်ကို သုံးဦးသုံးဖလှယ် (သုံးဌာန၊ သုံးစု၊ သုံးဖွဲ့)ပိုင်းခြား ခွဲဝေအပ်နှင်းလိုက်ပေမယ့် ထင်ရာမစိုးနိုင်အောင် အပြန်အလှန် ထိန်းကျောင်းပေးမယ့် စည်းကမ်းတွေလည်း ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပါရှိရပါမယ်။ ကမ္ဘာမှာ အာဏာကို ပိုင်းခြားကျင့်သုံးတဲ့ နိုင်ငံများဟာ တည်ငြိမ်တယ်၊ အဲဒီနိုင်ငံရဲ့ အခြေခံဥပဒေဟာ အစွန့်ရှည် တည်တံ့တယ်ဆိုတာလဲ အထင်အရှား တွေ့နေရပါတယ်။

မြန်မာနိုင်ငံ မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းမှာ ကျင်းပနေတဲ့ အမျိုးသားညီလာခံကြီးမှာ ကိုယ်စားလှယ်များဟာ ဤဆောင်းပါးရှေ့ပိုင်းမှာ တင်ပြခဲ့တဲ့ ကမ္ဘာ့သမိုင်း၊ မြန်မာ့သမိုင်းများကို အကျေအညက် လေ့လာသုံးသပ်ပြီးမှ မြန်မာ့အနာဂတ်ကို အကောင်းဆုံးမြော်ရှုပြီး အသင့်မြတ်ဆုံး အခြေခံမူတွေကို ဆွေးနွေးညှိနှိုင်း ချမှတ်နေကြပါတယ်။ ထာဝရတည်တံ့ခိုင်မြဲမယ့် ပြည်ထောင်စုနိုင်ငံတော်အဖြစ် တည်ဆောက်တဲ့မူတွေ၊ နိုင်ငံ အစဉ်တည်ငြိမ်ပြီး ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်မယ့် အချုပ်အခြာအာဏာကို ပိုင်းခြားခွဲဝေကျင့်သုံးမယ့်မူတွေ၊ နိုင်ငံသားတို့ရဲ့ အခွင့်အရေး အပြည့်အဝရရှိစေမယ့်မူတွေကို အမျိုးသားညီလာခံကြီးမှာ ချမှတ်ခဲ့ပြီး ဖြစ်ပါတယ်။

ကျန်ရှိတဲ့ အခန်းလိုက်ခေါင်းစဉ်(၇)ခုနဲ့ ပတ်သက်တဲ့ အသေးစိတ်အခြေခံရမယ့် မူတွေကိုလည်း ယခု ဇူလိုင်လ ၁၈ ရက်နေ့မှာ ပြန်လည်စတင် ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံမှာ အပြီးတိုင် ညှိနှိုင်းချမှတ်နိုင်တော့မှာ ဖြစ်ပါတယ်။ ယခုကျင်းပတဲ့ အမျိုးသားညီလာခံကြီး ပြီးစီးတဲ့နောက် အခြေခံဥပဒေ(မူကြမ်း)ရေးဆွဲမယ်။ အခြေခံဥပဒေ(မူကြမ်း)ကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနဲ့ အတည်ပြုမယ်၊ အတည်ဖြစ်လာတဲ့ အခြေခံဥပဒေသစ် နဲ့အညီ ရွေးကောက်ပွဲကျင်းပမယ်၊ လွှတ်တော်ခေါ်ယူကျင်းပပြီး အစိုးရသစ်ဖွဲ့စည်းကာ အာဏာလွှဲအပ်မယ်၊ ပြီးတော့ ငြိမ်းအေးသာယာဝပြောပြီး စည်းကမ်းစနစ်တကျရှိတဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီးကို အပြီးတိုင် အောင်အောင်မြင်မြင် တည်ဆောက်သွားကြတော့မှာဖြစ်ကြောင်းပါ ခင်ဗျား။ ။

* ကျောဖုံးမှ

တက်ရောက်လာကြသူများနှင့် အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံကို အလေးပြုကြသည်။

ဆက်လက်၍ နိုင်ငံတော်ကိုယ်စား ၂၀၀၇ခုနှစ်နှစ်(၆၀)ပြည့်အာဇာနည်နေ့ ကျင်းပရေးကော်မတီဥက္ကဋ္ဌယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့်အတူ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ၍ အလေးပြုကြသည်။

ယင်းအချိန်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံကို တိုင်ဝက်သို့ လျှော့ချလွှင့်ထူကာ ဂုဏ်ပြုတပ်ဖွဲ့ဝင်များက သေနတ်မြေစိုက်ဦးခိုက်အလေးပြုခြင်း၊ သေနတ်မြှောက်အလေးပြုခြင်း၊ စစ်ခရာအဖွဲ့က ကျဆုံးရဲဘော် အလေးပြုခရာမှုတ်ခြင်းများကို ဆောင်ရွက်ကြသည်။

တစ်ဆက်တည်းမှာပင် ဗိုလ်ချုပ်အောင်ဆန်းနှင့်အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ မေတ္တာပို့အမျှပေးဝေကြပြီး နှစ်မိနစ်ငြိမ်သက်စွာနေကြသည်။

ထို့နောက် ၂၀၀၇ခုနှစ် နှစ်(၆၀)ပြည့် အာဇာနည်နေ့ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်နှင့်ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် အာဇာနည်ဗိမာန်မှ ပြန်လည်ထွက်ခွာသွားကြသည်။

ယင်းနောက်အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုများသည် ဂူဗိမာန်များ၌လွမ်းသူ့ပန်းခွေချ အလေးပြု၍ ကန်တော့ကြရာ ရှေးဦးစွာ ဗိုလ်ချုပ်အောင်ဆန်း၏ ဂူဗိမာန်၌ သားကြီးဖြစ်သူ ဦးအောင်ဆန်းဦးနှင့် ဇနီး ဒေါ်လဲ့လဲ့နွယ်သိန်းတို့က လွမ်းသူ့ပန်းခွေချ၍ အလေးပြုပြီး ကန်တော့ကြကာ မေတ္တာပို့အမျှပေးဝေကြသည်။

ဆက်လက်၍အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုများက အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်အသီးသီးတို့၌ လွမ်းသူ့ပန်းခွေချ၊ အလေးပြု၊ ကန်တော့ကြပြီး မေတ္တာပို့အမျှပေးဝေကြသည်။

ယင်းနောက် ရန်ကုန်မြို့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ နာယက ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး H.E. Mr. Hul Phany ဦးဆောင်သော နိုင်ငံခြားသံရုံးအသီးသီးတို့မှ သံတမန်များနှင့် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ တာဝန်ရှိသူများကဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်အသီးသီးတို့၌ လွမ်းသူ့ပန်းခွေချ၍ အလေးပြုကြသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံးမှ ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံးမှ ကိုယ်စားလှယ်များက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်အသီးသီးတို့၌ လွမ်းသူ့ပန်းခွေချ၍ အလေးပြုကြသည်။ (သတင်းစဉ်)

နှစ်(၆၀)ပြည့် အာဇာနည်နေ့ အခမ်းအနားတွင် ဗိုလ်ချုပ်အောင်ဆန်း၏ ဂူဗိမာန်၌ ဗိုလ်ချုပ်အောင်ဆန်း၏ သားကြီးဖြစ်သူ ဦးအောင်ဆန်းဦးနှင့် ဇနီး ဒေါ်လဲ့လဲ့နွယ်သိန်းတို့ လွမ်းသူ့ပန်းခွေချ အလေးပြုကြစဉ်။ (သတင်းစဉ်)



နှစ်(၆၀)ပြည့် အာဇာနည်နေ့ အခမ်းအနားတွင် သခင်မြ ဂူဗိမာန်၌ သခင်မြ မိသားစုများ လွမ်းသူ့ပန်းခွေချစဉ်။ (သတင်းစဉ်)

နှစ်(၆၀)ပြည့် အာဇာနည်နေ့ အခမ်းအနားတွင် ဦးဘချို၏ ဂူဗိမာန်၌ ဦးဘချိုမိသားစု လွမ်းသူ့ပန်းခွေချပြီး ကန်တော့ကြစဉ်။ (သတင်းစဉ်)

နှစ်(၆၀)ပြည့် အာဇာနည်နေ့ အခမ်းအနားတွင် မိုင်းပွန်စော်ဘွား၏ ဂူဗိမာန်၌ မိုင်းပွန်စော်ဘွား မိသားစုများ လွမ်းသူ့ပန်းခွေချစဉ်။ (သတင်းစဉ်)

နှစ်(၆၀)ပြည့် အာဇာနည်နေ့ အခမ်းအနားတွင် ဦးဘဝင်း၏ ဂူဗိမာန်၌ ဦးဘဝင်း မိသားစု လွမ်းသူ့ပန်းခွေချစဉ်။ (သတင်းစဉ်)

နှစ်(၆၀)ပြည့် အာဇာနည်နေ့အခမ်းအနားတွင် ဦးရာဇတ်၏ ဂူဗိမာန်၌ ဦးရာဇတ် မိသားစုများ လွမ်းသူ့ပန်းခွေချ အလေးပြုကြစဉ်။ (သတင်းစဉ်)

နှစ်(၆၀)ပြည့် အာဇာနည်နေ့ အခမ်းအနားတွင် မန်းဘခိုင်၏ ဂူဗိမာန်၌ မန်းဘခိုင်မိသားစု လွမ်းသူ့ပန်းခွေချ အလေးပြုကြစဉ်။ (သတင်းစဉ်)

နှစ်(၆၀)ပြည့် အာဇာနည်နေ့ အခမ်းအနားတွင် မန်းဘခိုင်၏ ဂူဗိမာန်၌ မန်းဘခိုင်မိသားစု လွမ်းသူ့ပန်းခွေချပြီး ကန်တော့ကြစဉ်။ (သတင်းစဉ်)

နှစ်(၆၀)ပြည့် အာဇာနည်နေ့အခမ်းအနားတွင် ဦးအုန်းမောင်၏ ဂူဗိမာန်၌ ဦးအုန်းမောင် မိသားစုများ လွမ်းသူ့ပန်းခွေချစဉ်။ (သတင်းစဉ်)

နှစ်(၆၀)ပြည့် အာဇာနည်နေ့အခမ်းအနားတွင် ရဲဘော်ကိုထွေး၏ ဂူဗိမာန်၌ ရဲဘော်ကိုထွေး မိသားစုများ လွမ်းသူ့ပန်းခွေချ အလေးပြုကြစဉ်။ (သတင်းစဉ်)

ရွှေဘုန်းပွင့်စေတီတော် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၁၉

ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် စေတီတော်ဝင်းအတွင်း ကျောင်းတိုက်များ၌ ဝါဆို ဝါကပ်တော်မူကြမည့် သံဃာတော်တို့အား ၁၃၆၉ ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့ ဇူလိုင် ၂၉ရက် (တနင်္ဂနွေနေ့)တွင် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က ကြီးမှူး၍ အကြိမ်(၅၀) မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။ အလှူရှင်များ ဝါဆိုသင်္ကန်း တစ်စုံလျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ဂေါပကအဖွဲ့ ဖုန်း-၂၉၀၄၂၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နှစ်(၆၀)ပြည့် အာဇာနည်နေ့အခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လွမ်းသူ့ပန်းခွေချစဉ်။ (သတင်းစဉ်)

နှစ်(၆၀)ပြည့် အာဇာနည်နေ့အခမ်းအနားတွင် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ လွမ်းသူ့ပန်းခွေချစဉ်။ (သတင်းစဉ်)

စူဠာမုနိ စာသင်တိုက် စက်ရေတွင်းအတွက် ငွေလှူဒါန်း

ရန်ကုန် ဇူလိုင် ၁၉

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက် စူဠာမုနိ ပရိယတ္တိ စာသင်တိုက်တွင် စက်ရေတွင်းတူးရန်အတွက် ဦးဌေးအောင်-ဒေါ်သန်းရီ(ရှိုင်းဟုတ်မိသားစု)က ကျပ်တစ်သိန်း၊ ဦးလှကြည်-ဒေါ်နုနုခင် သား၊သမီး၊မြေးတစ်စု အလယ်ဘီအိုစီ ညောင်ရွှေဟော်ကုန်းက ကျပ်တစ်သိန်း၊ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တဂုဏဝံသာလင်္ကာရ (လူမှုထူးချွန်ဒုတိယဆင့်)က ကျပ်သုံးသောင်း၊ ဗိုလ်ကြီးနိုင်ထွန်း(ငြိမ်း)-ဒေါ်မိမိငယ် မိသားစုက ကျပ်တစ်သောင်း အပါအဝင် အလှူရှင်များက စုစုပေါင်းငွေကျပ် ၆၈၀၀၀၀ လှူဒါန်းခဲ့ကြကြောင်း သိရသည်။ (က-ပ)

နှစ်(၆၀)ပြည့် အာဇာနည်နေ့ အခမ်းအနားတွင် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ တာဝန်ရှိသူများ လွမ်းသူ့ပန်းခွေချအလေးပြုကြစဉ်။ (သတင်းစဉ်)

အေးမြချမ်းသာ မဟာစည်ရိပ်သာ ဝါဆိုသင်္ကန်း ဆက်ကပ် လှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၉

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်ရှိ အေးမြချမ်းသာ မဟာစည်သာသနာ့ ရိပ်သာကျောင်းတိုက်၏ (၁၃)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် တည်ဆောက်ဆဲ ယောဂီ နှစ်ထပ်ဆွမ်းစားကျောင်းဆောင် အလှူတော်ငွေ လှူဒါန်းပွဲကို (ဒုတိယဝါဆိုလပြည့်) ဇူလိုင် ၂၉ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်၍ အလှူငွေများ ပါဝင်လှူဒါန်းနိုင်သည်။

ထို့အပြင် ဝါတွင်းတရားစခန်းဝင် ယောဂီများ လက်ခံလျက်ရှိပြီး နေ့စဉ် မွန်းလွဲ ၂ နာရီ တရားပွဲ နှင့် ဥပုသ်နေ့ အထူးတရားပွဲများတွင် အေးမြချမ်းသာ ဆရာတော်ဓမ္မကထိက ဗဟုဇနဟိတရေ၊ မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသိရိဓမ္မ (ဘီအေ/ပါဠိဂုဏ်ထူး)က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ အလှူရှင်များ အနေဖြင့် ရိပ်သာ ဖုန်း-၅၈၅၀၄၃သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

The LIVE NEWS ဂျာနယ် အမှတ်(၄၄) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇူလိုင် ၁၉

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The LIVE NEWS ဂျာနယ် အမှတ်(၄၄) ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။ ဇူလိုင်မိုးစက်များနှင့်အတူ ကြွေရက်စောခဲ့ရသူ ပြည်သူ့အချစ်တော် ဒွေး၊ မြန်မာ-ဆားဗီးယား-အင်္ဂလိပ်-ပါဠို လေးဘာသာ အဘိဓာန်စာအုပ်ဆားဗီးယား သံရုံးမှ ထုတ်ဝေမည်။ ဒီလိုလေးတွေရှိတတ်၍ ဒါလေးတွေ သတိပြုပါ၊ တောင်ခြေပိဋကတ်တိုက်၊ မီးတောင်ကျွန်းက မပို့ဖြစ်သော စာများ၊ ကျေးလက်တေးလည်း မှားတတ်သည်၊ လမ်းအမည် နှစ်ခုပေါင်းထားတဲ့ သိမ်ဖြူလမ်း၊ မြွေမြီးဆွဲ-ဘုရှ် အီရတ်ကို ဘယ်တော့ လက်လွှတ်မလဲ၊ အဖြေမရှိသည့် ပဟေဠိ ကိုဆိုဗိုနှင့် အင်အားနိုင်ငံရေး၊ အမေရိကန်တပ်ဖွဲ့များ အီရတ်မှ လာမည့် နွေဦးပေါက်တွင် ဆုတ်ခွာရန် အောက်လွှတ်တော်၌ မဲခွဲဆုံးဖြတ်၊ သမားရိုးကျတပ်ဖွဲ့စာချုပ်မှ ရုရှားနုတ်ထွက်၊ အင်တာနက်ဝက်ဘ်ဆိုက်တွေမှာ ပေါ်လာပြန်တဲ့ ဘင်လာဒင်၊ တက္ကစီမင်းနှင့် ရုပ်ရှင်မင်းသမီး ဗဟုသုတ၊ ၂၀၀၇ ခုနှစ် ဇူလိုင် ၂၁ ရက်မှ ဇူလိုင် ၂၇ ရက်အတွင်း မွေးဖွားသော မျိုးဆက်သစ်ကလေးငယ်များ၏ ဘဝတစ်သက်တာကံဇာတာ၊ ကိုရီးယား ရုပ်ရှင် ကြိုတင်ဇာတ်လမ်းများ စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများကို ပါရဂူ၊ ဆင်ဖြူကျွန်းအောင်သိန်း၊ မြင်းမူမောင်နိုင်မိုး၊ နီမင်းဆွေ၊ ကိုကိုလှိုင်၊ မောင်မြတ်မွန် (ဆူးလေ)၊ မိုးမြင့်လွင်၊ မောင်နေလင်း၊ ရဲခေါ်(ဇီးကုန်း)နှင့် အမြို့မြို့ အနယ်နယ်မှ စာရေးဆရာ၊ သတင်းစာဆရာများက ဝေဝေဆာဆာ တင်ဆက်ထားသည်။

The LIVE NEWS ဂျာနယ်သို့ စာမူပေးပို့လိုသူများ ဖြန့်ချိရေးကိစ္စ ဆောင်ရွက်လိုသူများသည် အမှတ်(၃၁၀) ဝါးတန်းလမ်း မြေညီထပ်၊ အခန်း(၀၀၄) လမ်းမတော်မြို့နယ် ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း ချို့တဲ့ကျောင်းသား၊ကျောင်းသူများအတွက် စာအုပ်နှင့် စာရေးကိရိယာ တန်ဖိုးငွေကျပ် ၂၁၀၀၀၀ ကို ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးထွန်းထွန်းဦး၊အဖွဲ့ဝင်ဦးကျော်ဇင်ဦး၊ ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးအုန်းမြင့်တို့က ပေးအပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၇-၂၀၀၇ (သောကြာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	"သဒ္ဓါတရား၏တန်ဖိုး တရားတော်"(အပိုင်း-၁) (ဆရာတော်အရှင်ခေမိန္ဒ)
၈း၀၅	"အင်း" ငွေပန်းထိမ်ရဲ့အငွေ့အသက်
၈း၂၅	တေးဂီတအစီအစဉ်
၈း၃၅	Myanmar Video Rhythm
၉း၀၅	ပြည်တွင်းသတင်းအကျဉ်း
၉း၁၅	တေးဂီတအစီအစဉ်
၉း၂၀	"တရားအားထုတ်သည် ဆိုရာဝယ်"ဒေါက်တာ ချစ်ငယ်(ဒဿန) Ph.D
၁၀း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၀	တေးဂီတအစီအစဉ်
၁၀း၁၅	Yangon Panorama "မင်္ဂလာဗျူဟာပရဟိတအဖွဲ့"၏ အသက်(၁၀၀) နှင့်အထက်ဘိုးဘွားများ ပူဇော်ပွဲ
၁၀း၄၀	မိုးလေဝသခန့်မှန်းချက်
၁၀း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀	နို့ထွက်ပစ္စည်းထုတ်ကုန် မြင့်မားဖို့ ကြိုးစားကြပါစို့
၁၁း၀၅	တေးဂီတအစီအစဉ်
၁၁း၁၀	ညောင်စေ့အလှူ(စမ်းစမ်းဝင်း၊ ဝင်းနိုင်-အနုပညာ၊ သိမ့်သိမ့်တုန်၊ဆုငွေလွင်) [ဒါရိုက်တာ-ဝေဋ္ဌု(ဝဿန်)]
၁၁း၁၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၂၅	တေးဂီတအစီအစဉ်
၁၁း၃၀	လှပခံ့ညားရောင်စုံအမိုးပြား
၁၁း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၅	တေးဂီတအစီအစဉ်
၁၁း၅၀	Basic Computer Learning For Beginner (Vol-16) Microsoft Powerpoint
၁၂း၀၅	တေးဂီတအစီအစဉ်
၁၂း၁၀	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ "တော်မဝင်ပါ---သို့သော်"
၁၂း၄၀	သစ်သီးပင်မျိုးပွားနည်းများ
၁၂း၅၅	တေးဂီတအစီအစဉ်
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တာနာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

တပ်မတော်(ကြည်း၊ ရေ၊ လေ) ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေး လှူဒါန်းခြင်းနှင့် ငွေပဒေသာပင် စိုက်ထူလှူဒါန်းခြင်း အခမ်းအနားကျင်းပရေး အစည်းအဝေးကျင်းပ

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း ၂၀၀၇ ခုနှစ် ရန်ကုန်မြို့တွင် ဆောင်ရွက်မည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးလှူဒါန်းခြင်းနှင့် ငွေပဒေသာပင် စိုက်ထူလှူဒါန်းခြင်း အခမ်းအနားများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇူလိုင် ၁၉

၂၀၀၇ ခုနှစ် ရန်ကုန်မြို့၌ ဆောင်ရွက်မည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေး လှူဒါန်းခြင်းနှင့် ငွေပဒေသာပင် စိုက်ထူလှူဒါန်းခြင်း အခမ်းအနားများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း တက်ရောက် အမှာစကားပြောကြားသည်။

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်လှဋ္ဌေးဝင်းက အမှာစကားပြောကြားရာတွင် ဝါတွင်းကာလ ဇူလိုင် ၂၉ရက်မှ အောက်တိုဘာလ ၂၆ ရက်အတွင်း ရန်ကုန်အရှေ့ပိုင်းခရိုင်၊ အနောက်ပိုင်းခရိုင်နှင့် မြောက်ပိုင်းခရိုင် သုံးခုအတွင်း သံဃာ၊ သီလရှင်အပါး ၅၀ နှင့်အထက် ဘုန်းတော်ကြီးကျောင်းနှင့် စာသင်တိုက်များ၊ ဘိုးဘွားဂေဟာများ၊ မျက်မမြင်ပရဟိတကျောင်းများ၊ ဟိန္ဒူ၊ မွတ်ဆလင်နှင့် ခရစ်ယာန်ဘာသာရေးအဖွဲ့အစည်းများ၏ သက်ကြီးဂေဟာများ၊ လူမှုဝန်ထမ်းဌာနများကို ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေး၊ ငွေပဒေသာပင် စိုက်ထူလှူဒါန်းခြင်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ လှူဒါန်းမည့်ရက်များတွင် နှစ်နေရာခွဲ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လှူဒါန်းမည့် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေး၊ ငွေပဒေသာပင်များကို သက်ဆိုင်ရာကျောင်း၊ ဂေဟာများသို့ ရောက်ရှိအောင် စုပုံဖြန့်ဝေခြင်းများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် သက်ဆိုင်ရာဌာနများ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ လှူဒါန်းမည့်ရက်များတွင် စေတနာရှင်ပြည်သူများက ၎င်းတို့ဆန္ဒရှိသည့်အတိုင်း လှူဒါန်းလိုသည့်ပစ္စည်းများကို အချိန်မီ လှူဒါန်းနိုင်ရေးအတွက် ကြိုတင်အကြောင်းကြားခြင်း၊ လိုအပ်ပါက ဖိတ်ကြားခြင်းများကို သက်ဆိုင်ရာဌာနများက ဆောင်ရွက်ပေးရန်လိုကြောင်းတို့ကို မှာကြားသည်။

ထို့နောက် ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမျိုးနိုင်က ရန်ကုန်မြို့၌ လောင်းလှူမည့် ဆွမ်းဆန်တော် လောင်းလှူရေး လုပ်ငန်းကော်မတီဝင် အမည်စာရင်းကို ဖတ်ကြားတင်ပြ၍ အစည်းအဝေး တက်ရောက်လာသော ဌာနဆိုင်ရာများက ဖြည့်စွက်ဆွေးနွေး တင်ပြကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းက နိဂုံးချုပ်အမှာစကားပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

၂၀၀၇ ခုနှစ် ရန်ကုန်မြို့၌ ဆောင်ရွက်မည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲ အခမ်းအနားတွင် ကျောင်းပေါင်း ၃၆၃ ကျောင်းနှင့် သံဃာ၊ သီလရှင်နှင့် လူပုဂ္ဂိုလ် ၃၈၁၀၉ ဦး အတွက် ဆန် ၄၇၆၃ အိတ် ၁၅ ပြည်၊ ဆီ ၃၂ ပိပါ ၉၈ပိဿာ ၉၀ ကျပ်သား၊ ဆား ၃၈၁၀၉ ပိဿာ၊ ပဲ ၂၅၄ အိတ် ၁ ပိဿာ ၈၀ ကျပ်သားနှင့် ငွေပဒေသာပင်အတွက် တစ်ကျောင်းလျှင်ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၃၆ သိန်း သုံးသောင်း လှူဒါန်းမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ကြသူများနှင့် ကျွမ်းကျင်ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်

ရန်ကုန် ဇူလိုင် ၁၉

၂၀၀၆-၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်ကြသူများနှင့် တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများတွင် ဆောင်ရွက်ခဲ့ကြသော ကျွမ်းကျင်ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၁၃ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာနဝင်းအတွင်းရှိ အောင်မင်္ဂလာခန်းမ၌ ကျင်းပရာ တစ်နိုင်ငံလုံးရှိ အကျဉ်းထောင် အလုပ်စခန်းအသီးသီးတို့မှ ၂၀၀၆-၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်ခဲ့ကြသော ခြောက်ဘာသာ ဂုဏ်ထူးရှင် တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ သုံးဘာသာ ဂုဏ်ထူးရှင် နှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ရှစ်ဦး၊ ရိုးရိုးအောင်မြင်သူ ၈၉ ဦး စုစုပေါင်း ၁၀၄ ဦးတို့အားလည်းကောင်း၊ ရေသန့်စက်ရုံ၊ ရေလောင်းမိလ္လာနှင့် တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသော အင်ဂျင်နီယာငါးဦး၊ ကျွမ်းကျင်ဝန်ထမ်း ၂၃ ဦးနှင့် ရဲဘက် ၇၆ ဦးတို့အားလည်းကောင်း အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းနှင့် မိခင်ကလေးစောင့်ရှောက်ရေးအသင်းခွဲဥက္ကဋ္ဌ ဒေါ်နွယ်နီစမ်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဇနီးနှင့် ညွှန်ကြားရေးမှူးများက ဆုငွေကျပ်သိန်း ၅၀ ကျော်ကို ပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ **(ဝဲပုံ)** (သတင်းစဉ်)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် အမှတ်(၄) ကျိုက်ဝိုင်းဘုရားလမ်း သမိုင်းလမ်းဆုံနေ ရွှေပြည်စိုး ဆီစက်ပိုင်ရှင် ကွယ်လွန်သူ ဖခင် ဦးစစ်ယုံအားရည်စူး၍ မိခင် ဒေါ်ခင်စိန်၊ သား ဒေါက်တာအေးမြ၊ သမီး ဒေါ်ခင်မြင့်မြင့်တို့က ငွေကျပ် ၃၀၀၀၀၀၀ ကို လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ဝင်များဖြစ်ကြသော ဦးထွန်း၊ ဦးသိန်းထွန်းတို့က ဂုဏ်ပြုမှတ်တမ်း ပေးအပ်စဉ်။ (ကြေးမုံ)

Myanmar Chigo Group Ltd.
အထူးကံစမ်းမဲဖွင့်ပွဲနှင့် ဂုဏ်ပြုဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၉

Myanmar Chigo Group Ltd. ၏ ၂၀၀၇ခုနှစ် အထူးကံစမ်းမဲဖွင့်ပွဲနှင့် ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ယမန်နေ့ ည ၆နာရီခွဲတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ Myanmar Chigo Group Ltd. ဒါရိုက်တာ ဦးနေမျိုးအောင်က အမှာစကားပြောကြားသည်။ **(ယာပုံ)** ထို့နောက် တစ်နှစ်အတွင်း ရောင်းအား အကောင်းဆုံးဆိုင်များ၊ ဝယ်ယူအားပေးသူများနှင့် အရောင်းဆိုင်များအား Myanmar Chigo Group Ltd. မှ တာဝန်ရှိသူများက ဂုဏ်ပြုဆုများနှင့် ကံစမ်းမဲလက်ဆောင်များကို ချီးမြှင့်ကြသည်။ ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ကံစမ်းမဲ လက်ဆောင်များ ချီးမြှင့်သည်။

Myanmar Chigo Group Ltd. မှ ဖြန့်ဖြူးသော Chigo လေအေးပေးစက်များတွင် Mitsubishi Compressor များ တပ်ဆင်ထားပြီး သုံးနှစ်အာမခံပေးထားသည်။ Servicing အနေဖြင့်လည်း အာမခံကာလအတွင်း လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိသည်။ ထို့အပြင် Myanmar Chigo Group Ltd. သည် လက်ရှိတင်သွင်းနေသည့် ပစ္စည်းများအပြင် အရည်အသွေး ကောင်းမွန်သော အခြားအီလက်ထရွန်နစ် ပစ္စည်းများကိုလည်း ထပ်မံတင်သွင်း ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အင်းစိန်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူး၍ စုပေါင်းခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁ရက်က ကြို့ကုန်းအရှေ့ရပ်ကွက် လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးအနီး မင်းဓမ္မလမ်းဘေးဝဲ/ယာတစ်လျှောက် စိုက်ပျိုးကြရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်အုန်းမြက ရပ်ကွက်(၂၁)ရပ်ကွက်မှ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများသို့ ခြံစည်းရိုးကြက်ဆူပင်များ ပေးအပ်စဉ်။ (က-ပ)

မြဝတီမြို့နယ်၌ သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့်မိုင်းနင်းမိပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူတစ်ဦး ခြေထောက်ပြတ် ဒဏ်ရာရရှိ

နေပြည်တော် ဇူလိုင် ၁၉

သောင်းကျန်းသူ အဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ရပ်များကို နည်းမျိုးစုံ အသုံးပြုဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၅ရက် နံနက် ၉နာရီခွဲခန့်တွင် ကရင်ပြည်နယ် မြဝတီမြို့နယ် မယ်ထော်သလေးကျေးရွာ အမှတ်(၅)အုပ်စုမှ ဦးတင်ငွေ၏သား ဦးမောင်လေးကြီး အသက်(၃၂)နှစ်သည် မျှစ်ချိုးရန် တောတွင်းသို့ သွားရောက်စဉ် သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့် မိုင်းတစ်လုံးနင်းမိပေါက်ကွဲ၍ ဦးမောင်လေးကြီး၏ ဘယ်ဘက်ခြေထောက်ခြေချင်းဝတ်မှပြတ်ကာ ညာဘက်ခြေသလုံး မိုင်းစထိမှန် ဒဏ်ရာရရှိခဲ့သည်။

အဆိုပါမိုင်းထိဒဏ်ရာရရှိခဲ့သည့် ဦးမောင်လေးကြီးအား သက်ဆိုင်ရာ တာဝန်ရှိသူများက မြဝတီမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသမှုများနှင့် လိုအပ်သော ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် သောင်းကျန်းသူအဖျက်သမားများအား တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သတင်းဖော်ထုတ် ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတော်ကိုယ်စား ၂၀၀၇ ခုနှစ် နှစ်(၆၀)ပြည့် အာဇာနည်နေ့ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် တက်ရောက်လာကြသူများက ဗိုလ်ချုပ် အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ အလေးပြုကြစဉ်။

(သတင်းစဉ်)

၂၀၀၇ ခုနှစ် နှစ်(၆၀)ပြည့် အာဇာနည်နေ့ အခမ်းအနားကျင်းပ နိုင်ငံတော်ကိုယ်စား အာဇာနည်နေ့ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ လွမ်းသူ့ပန်းခွေချ အလေးပြု

ရန်ကုန် ဇူလိုင် ၁၉

၂၀၀၇ ခုနှစ် နှစ်(၆၀)ပြည့် အာဇာနည်နေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ရှိ အာဇာနည်ဗိမာန်၌ကျင်းပရာ နိုင်ငံတော်ကိုယ်စား ၂၀၀၇ ခုနှစ် နှစ်(၆၀)ပြည့် အာဇာနည်နေ့ ကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် တက်ရောက်၍ ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံကို အလေးပြုခြင်း၊ ကျဆုံးလေပြီးသော အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချခြင်း၊ အလေးပြုခြင်း၊ မေတ္တာပို့အမျှပေးဝေခြင်းများ ဆောင်ရွက်သည်။

လွမ်းသူ့ပန်းခွေချ

နိုင်ငံတော်ကိုယ်စား ၂၀၀၇ ခုနှစ် နှစ်(၆၀)ပြည့် အာဇာနည်နေ့ ကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချကြစဉ်။

(သတင်းစဉ်)

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ၂၀၀၇ ခုနှစ် နှစ်(၆၀)ပြည့် အာဇာနည်နေ့ကျင်းပရေး အလုပ်အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးတင်စိုးနှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့ခွဲ အတွင်းရေးမှူးများ၊ တပ်မတော် အရာရှိကြီးများ၊ ဂုဏ်ပြုတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့တို့မှ အရာရှိကြီးများ တက်ရောက်ကြသည်။

အစီအစဉ်အရ ၂၀၀၇ ခုနှစ် နှစ်(၆၀)ပြည့် အာဇာနည်နေ့ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်သည် နံနက် ၇ နာရီ ၅၅ မိနစ်တွင် အာဇာနည်ဗိမာန်သို့ မော်တော်ယာဉ်ဖြင့် ရောက်ရှိလာပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့်အတူ အာဇာနည်ဗိမာန်ရင်ပြင်ပေါ်၌ နေရာယူသည်။

နိုင်ငံတော်အလံကို အလေးပြု

ထို့နောက် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် အခမ်းအနားသို့ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✻**

ယနေ့မိုးလေဝသ

၂၀-၇-၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

နောက်နှစ်ရက်အတွက် မုတ်သုံလေ အားအသင့်အတင့်ရှိမည်

နေပြည်တော် ဇူလိုင် ၁၉

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့်စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား၊ ကရင်ပြည်နယ်တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးရွာခဲ့ပြီး စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ နေပြည်တော်တွင် ၀ဒသမ၇၉ လက်မ၊ ခန္တီးမြို့တွင် ၁၁ဒသမ၅၃ လက်မ၊ ကျောက်တော်မြို့တွင် ၂ဒသမ၉၅ လက်မ၊ ပဲခူးမြို့တွင် ၂ဒသမ၄၀ လက်မနှင့် သထုံမြို့တွင် ၁ဒသမ၉၇ လက်မတို့ ဖြစ်ကြသည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေသည်။

ဇူလိုင် ၂၀ ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် နေရာအနှံ့အပြား၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျားမိုးရွာမည်။ ရွာရာရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ နောက်နှစ်ရက်အတွက် မုတ်သုံလေအားအသင့်အတင့်ရှိမည်။